# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၇၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်
## (၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၄)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦးရှိတဲ့အနက် ၃၃၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၉.၄၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၇၄)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြ ပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၅ ရက်၊

(၂) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၅ ရက်၊

(၃) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၄) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၂ ရက်၊

(၅) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၅ ရက်၊

(၇) မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဘိုးအောင် ခွင့် ၅ ရက်၊

(၈) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၅ ရက်၊

(၉) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၁၀) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ် ခွင့် ၁ ရက်၊

(၁၁) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၁၂) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၅ ရက်၊

(၁၃) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၁၄) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့် ခွင့် ၂ ရက်၊

(၁၅) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၁၆) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၅ ရက်၊

(၁၇) ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာ ခွင့် ၁ ရက်၊

(၁၈) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၂ ရက်၊

(၁၉) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၅ ရက်၊

(၂၀) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၂၁) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၅ ရက်၊

(၂၂) လှိုင်မဲဆန္ဒနယ်နယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၂၃) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၂၄) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၂၅) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၂ ရက်၊

(၂၆) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၂၇) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၃ ရက်၊

(၂၈) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၂၉) မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး ခွင့် ၁ ရက်၊

(၃၀) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၅ ရက်၊

(၃၁) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၃၂) အင်ဂျန်းယန်းမဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၃) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၁ ရက်၊

(၃၄) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၂ ရက်၊

(၃၅) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး ခွင့် ၁ ရက်၊

(၃၆) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၁ ရက်၊

(၃၇) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၅ ရက်၊

(၃၈) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၅ ရက်၊

(၃၉) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၅ ရက်၊

(၄၀) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၂ ရက်၊

(၄၁) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ခွင့် ၅ ရက်၊

(၄၂) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၂ ရက်၊

(၄၃) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၅ ရက်၊

(၄၄) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၅ ရက်၊

(၄၅) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၅ ရက်၊

(၄၆) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်၊

(၄၇) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၅ ရက်၊

(၄၈) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း အစည်းအဝေးပြီးသည်ထိ၊

(၄၉) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၃ ရက်၊

(၅၀) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၅၁) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၅၂) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၅၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၅ ရက်၊

(၅၄) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၅၅) မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် အစည်းအဝေးပြီးသည်ထိ၊

(၅၆) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၅ ရက်၊

(၅၇) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၁ ရက်၊

(၅၈) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၅၉) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၃ ရက်၊

(၆၀) ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ခွင့် ၃ ရက်၊

(၆၁) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၆၂) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၆၃) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၃ ရက်၊

(၆၄) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၅ ရက်၊

(၆၅) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၅ ရက်၊

(၆၆) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၅ ရက်၊

(၆၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁ ရက်၊

(၆၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မြင့် ခွင့် ၅ ရက်၊

(၆၉) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်ကို ခွင့် ၅ ရက်၊

(၇၀) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း ခွင့် ၅ ရက်၊

(၇၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇော်လင်း ခွင့် ၅ ရက်၊

(၇၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်လှိုင်ဝင်း ခွင့် ၅ ရက်၊

(၇၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကျော်နှင်း ခွင့် ၁ ရက်နှင့်

(၇၄) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြား သူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၇၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၈၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**မူကြမ်း**

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဟန်ပြအတုအယောင်ထုတ်လုပ်နေသော စက်မှုဇုန်ကားလုပ်ငန်းများကို အပြီးအပိုင်ဖျက်သိမ်းပေးနိုင်ခြင်းရှိ/မရှိနှင့် စက်မှုဇုန်ကားများ ခုထုတ်- ခုအပ် အကြိမ်ကြိမ်ပြုလုပ်ပြီး စလစ်ထုတ်ယူ၍ ပြည်ပမှ အဆင့်မြင့်ကား ရာပေါင်းများစွာ တင်သွင်းခဲ့ခြင်းကြောင့် နိုင်ငံတော်အခွန်ဘဏ္ဍာငွေ နစ်နာမှုအတွက် ပြန်လည်စစ်ဆေးကြပ်မတ်ရန် အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်တင်ပြမှာ ကတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ကညန)ဝန်ထမ်းများနှင့် စက်မှုဇုန်ကားထုတ်လုပ်သူများ ပူးပေါင်းပြီးတော့မှ မသမာလုပ်ဆောင်မှုများကြောင့် နိုင်ငံတော်အခွန်ငွေနစ်နာမှုများအပေါ်မှာ ပြန်လည်စစ်ဆေးကြပ်မတ်နိုင်ရန် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်တွင်းစက်မှုဇုန်များက ထုတ်လုပ်တယ်လို့ဆိုတဲ့ ကားအသစ်များကို ကညနမှာ မှတ်ပုံတင်ပါတယ်။ အဲဒီနောက် ယာဉ်ပိုင်ရှင်စာအုပ်(Owner Book) ထုတ်ယူကြပါတယ်။ ရက်ပိုင်းခန့်အကြာမှာ အဲဒီကားတွေကို ပျက်စီးသွားလို့ဆိုပြီးတော့မှ သံရည်ကျိုဖို့ ကညနကို ပြန်လာအပ်ပါတယ်။ ကညနက လိုလိုလားလား လက်ခံပြီးတော့မှ ဖျက်ပိုင်းပြေစာစလစ် ပြန်ထုတ်ပေးကြောင်း သိနေရပါတယ်။ အစိုးရသစ်လက်ထက်မှာ မော်တော်ယာဉ်တင်သွင်းမှု ဖွင့်ပေးခဲ့တဲ့အချိန်ကစပြီးတော့မှ ပြည်တွင်းစက်မှုဇုန်တွေက အခုထုတ်၊ အခုအပ်လုပ်ကာ စက်ရုံတွေကိုရောက်လာတဲ့ ကားတွေအတွက်ကတော့ အစီးရေ ၁၀၀၀ ခန့်ရှိကြောင်း ဇုန်ကားထုတ်လုပ်တဲ့ ကားအသိုင်းအဝိုင်းက သတင်းများရရှိပါတယ်။ နောက်ပိုင်းထုတ်လုပ်တဲ့ ကား အစီးရေပေါင်းရင် စီးရေ ၂၀၀၀ ကျော်ခန့်ရှိနိုင်ကြောင်းလည်း ခန့်မှန်းရပါတယ်။ မော်တော်ယာဉ် ထုတ်တယ်၊ အပ်တယ်လုပ်ခြင်းအတွက် စလစ်တစ်စောင်ရဲ့ဈေးနှုန်းက ကျပ်သိန်းငါးဆယ်ခန့်ရှိတာ

ကြောင့်မို့လို့ ခန့်မှန်းစီးရေ ၂၀၀၀ ကျော်အတွက် ကျပ်သိန်းပေါင်းတစ်သိန်း(ကျပ် ၁၀ ဘီလီယံကျော်) နိုင်ငံတော်က အခွန်မရဘဲနဲ့ နစ်နာသွားခဲ့တယ်လို့လည်း ဝေဖန်သုံးသပ်နေကြပါတယ်။ ယခုလို တန်ဖိုးကြီးမားလှတဲ့လုပ်ငန်းမှာ စက်မှုဇုန်ယာဉ်အပ်နှံသူနှင့် ကညနဝန်ထမ်းများအကြားမှာ အပေး အယူအဂတိလိုက်စားမှုမရှိဘူးဆိုရင် ဘယ်သူမှလက်ခံကြမှာမဟုတ်ပါဘူး။ အလားတူပဲ ကားတစ်စီးကို ၁၀ သိန်းကျော်သာတန်တဲ့ သုံးဘီးကားတွေကို တရုတ်နိုင်ငံနယ်စပ်က ဝယ်ပါတယ်။ မှတ်ပုံတင်ပြုလုပ် ပါတယ်။ နောက် ကညနကိုပြန်အပ်ပါတယ်။ စလစ်ထုတ်ပါတယ်။ အဆင့်မြင့်တဲ့ဂျပန်မော်ဒယ်ကားတွေ ထပ်သွင်းကြပါတယ်။ အဲဒီအတွက်လည်း နစ်နာမှုတွေ များစွာဖြစ်ပေါ်နေကြောင်းလည်း ဝေဖန်မှုတွေရှိ နေပါတယ်။ ကညနကိုအပ်တဲ့အခါတုန်းကတော့ မူလမှတ်ပုံတင်ထားတဲ့ယာဉ်ကို ပြပါတယ်။ သို့သော် သံရည်ကျိုစက်ကိုပို့တဲ့အချိန်မှာတော့ ကားလို့ခေါ်ဖို့ပင် ခက်ခဲပါတယ်။ ဘော်ဒီက လေးထောင့်သံပုံး၊ အင်ဂျင်တုံးကတစ်ခု၊ တန်းတစ်ခု၊ တာယာဘီးအစုတ် လေးလုံးသာပါတဲ့ ဘီးတပ်လှည်းတစ်စီးကိုသာ အပ်နှံပြီးတော့မှ စလစ်ထုတ်ယူနေကြကြောင်းလည်း သိရပါတယ်။ မူလမှတ်ပုံတင်ခဲ့တဲ့ကားတစ်စီး တည်းကိုပဲ အကြိမ်ကြိမ်မှတ်ပုံတင်ပြီးမှ၊ ကားစုတ်ဆိုပြီးမှ လေးဘီးတပ်တဲ့သံပုံးလှည်းတွေကို အပ်နှံ လုပ်စားနေကြတာတော့ ကျော်မကောင်းကြားမကောင်း ဖြစ်နေပါပြီ။ ဒီကနေ့အထိ မြန်မာနိုင်ငံမှာ မော်တော်ယာဉ်တစ်စီး ဖြစ်ဖြစ်မြောက်မြောက် မထုတ်နိုင်သေးဘူးဆိုတာ အားလုံးသိပါတယ်။ အခုလို ဈေးကွက်စီးပွားရေးဖွင့်ပေးတဲ့အချိန်မှာ ကမ္ဘာကျော်ကားကုမ္ပဏီတွေလည်း မြန်မာနိုင်ငံမှာရောက်ရှိပြီး မှ လိုအပ်တဲ့အရောင်းပြခန်းတွေ၊ Show rooms တွေဖွင့်ပြီးမှ ရောင်းနေတဲ့အချိန်ဖြစ်ပါတယ်။ ဒီအချိန် မှာ ပြည်တွင်းစက်မှုဇုန်များက ခုနကကားတွေကို ဆက်လက်ထုတ်လုပ်ခွင့်ပြုထားခြင်းဟာ နိုင်ငံတော် အခွန်ငွေထိခိုက်နစ်နာစေတဲ့အပြင် အမျိုးသားဂုဏ်သိက္ခာပါ ထိခိုက်ကျဆင်းနေပါတယ်။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ (၁) ဟန်ပြအတုအယောင် ထုတ်လုပ်နေသော စက်မှုဇုန်ကား လုပ်ငန်းများကို အပြီးအပိုင်ဖျက်သိမ်းပေးနိုင်ခြင်းရှိ/မရှိ၊ (၂) စက်မှုဇုန်ကားများ ခုထုတ်- ခုအပ် အကြိမ်ကြိမ်ပြုလုပ်ပြီး စလစ်ထုတ်ယူ၍ ပြည်ပမှ အဆင့်မြင့်ကား ရာပေါင်းများစွာ တင်သွင်းခဲ့ခြင်း ကြောင့် နိုင်ငံတော်အခွန်ဘဏ္ဍာငွေနစ်နာမှုအတွက် တာဝန်ရှိကြသော ဝန်ထမ်းများနှင့် ဇုန်ကားလုပ်စားသူများကို ပြန်လည်စစ်ဆေးကြပ်မတ်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး သူရဦးအောင်ကိုရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ရဲ့ကိုယ်စား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်ကြီးဌာနသုံးခုရဲ့ဆောင်ရွက်ချက်တွေကို ဖြေကြားရမှာဖြစ်တဲ့အတွက်ကြောင့် အချိန် ၁၀ မိနစ်ခန့်ကြာမည်ဖြစ်ကြောင်း ကြိုတင်ပြီးတော့ တင်ပြအပ်ပါတယ်ခင်ဗျား။ စက်မှုဇုန်ထုတ်ကားအပ်နှံပြီးတော့ အစားထိုးတင်သွင်းခွင့်ပြုရေးနှင့်ပတ်သက်ပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးမှာ ဆင်ပေါင်ဝဲမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်၊ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုးနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ ပျော်ဘွယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးတို့က ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းမှုများရှိခဲ့ပါတယ်။ အမှန်တကယ်မောင်းနှင်ရန်မသင့်တဲ့ အခြေအနေရှိတဲ့ယာဉ်တွေဖြစ်လို့ရှိရင် ဖျက်သိမ်းပြီးတော့ အစားထိုးတင်သွင်းခွင့်ပြုနိုင်ရန်၊ Road Safety မဖြစ်တဲ့ စက်မှုဇုန်ထုတ်ယာဉ်များ၊ သုံးဘီးယာဉ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ အပ်နှံဆောင်ရွက်ပေးရန် ဆန္ဒပြုမှုအပေါ် ဆောင်ရွက်ပေးနိုင်ရန်အတွက် မော်တော်ယာဉ်တင်သွင်းခွင့်ကြီးကြပ်ရေးကော်မတီအပါအဝင် အထက်အဖွဲ့အစည်းများကို တင်ပြပြီးတော့ နိုင်ငံပိုင်သတင်းစာများမှာ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့မှာ ထည့်သွင်းကြော်ငြာပေးခဲ့ပါတယ်။ နောက် စက်မှုဇုန်ထုတ်ယာဉ်များကို ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၄ ရက်က စတင်ပြီးတော့လည်းကောင်း၊ သုံးဘီးယာဉ်တွေကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစတင်ပြီးလည်းကောင်း ယာဉ်အိုယာဉ်ဟောင်းအဖြစ် ပိုင်ရှင်ရဲ့ဆန္ဒအရအပ်နှံရန် အစားထိုးတင်သွင်းခွင့် ဆောင်ရွက်ပေးခဲ့ပါတယ်။

ယာဉ်အိုယာဉ်ဟောင်းအပ်နှံပြီးတော့ အစားထိုးတင်သွင်းခြင်းစီမံချက်အရ မော်တော်ယာဉ်များအပ်နှံမှုမှာ Running Condition ဖြစ်တဲ့ယာဉ်ကိုသာ အပ်နှံခွင့်ပြုတာဖြစ်ပါတယ်။ အဲဒီယာဉ်တွေအပ်နှံချိန်မှာ ယာဉ်ရဲ့ဘောင်အမှတ် ခဲခြစ်ရယူခြင်း၊ မူလစက်အမှတ်ဟုတ်/မဟုတ် စိစစ်ပြီးတော့ ယာဉ်စစ်ဆေးချက်ပုံစံမှာ မှတ်တမ်းရေးသွင်းခြင်း၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(Wheel

Tax) မှာပါတဲ့ ယာဉ်ခါတ်ပုံ၊ ရုံးလက်ခံယာဉ်မှတ်တမ်းဓာတ်ပုံတို့နဲ့ တိုက်ဆိုင်စစ်ဆေးခြင်း၊ အပ်နှံစဉ် မော်တော်ယာဉ်ရဲ့ဘေးတစောင်းပုံကို မှတ်တမ်းဓာတ်ပုံရယူခြင်းများ ဆောင်ရွက်ပြီးတော့ မှန်ကန်မှု ရှိလို့ရှိရင်တော့ ပုံစံ(ဃ)(မှတ်ပုံတင်သက်တမ်းကြာမြင့်သော ဖျက်သိမ်းယာဉ်ထောက်ခံချက်)မှာ သက်ဆိုင်ရာဦးစီးမှူးက လက်မှတ်ရေးထိုးပြီးတော့ ကာယကံရှင်ကို ထုတ်ပေးခြင်းဖြစ်ပါတယ်။ ယာဉ်အပ်နှံ/ လက်ခံရရှိခြင်းပြေစာ ပုံစံ(စ)မှာတော့ ယာဉ်အမှတ်၊ ယာဉ်အမျိုးအမည်၊ အမျိုးအစား၊ ဘောင်အမှတ်၊ စက်အမှတ် ဖြည့်စွက်ပြီးတော့ အပ်နှံသူကိုထုတ်ပေးပါတယ်။ အဲဒီပုံစံနဲ့အတူ သဘော်ာဖျက်စက်ရုံ (သီလဝါ) သို့မဟုတ် အမှတ်(၁)သံမဏိစက်ရုံ မြင်းခြံမြို့ကို သွားရောက်ပြီးတော့ ယာဉ်တွေအပ်နှံရပါတယ်။ စက်ရုံများမှာလည်း အပ်နှံယာဉ်များကို ပုံစံ(စ)ပါအချက်များနဲ့တိုက်ဆိုင်ပြီးတော့ ယာဉ်အင်္ဂါရပ်နဲ့ပြည့်စုံတဲ့ယာဉ်တွေကိုသာလက်ခံပြီး ပုံစံ(စ)မှာ ယာဉ်အပ်နှံလက်ခံရရှိကြောင်း အတည်ပြုလက်မှတ်ရေးထိုးပြီးတော့ ကျွန်တော်တို့ ကညနရုံးကို အဲဒီပုံစံ(စ)ကို ပြန်ပြီးလွှဲပေးပါတယ်။ အစားထိုးတင်သွင်းယာဉ်တွေ ကနဦးမှတ်ပုံတင်ဆောင်ရွက်ရာတွင် ပုံစံ(စ)ရောက်ရှိပြီးယာဉ်ကိုသာ မူသေအမှတ်သတ်မှတ်ပြီး ကနဦးမှတ်ပုံတင်ပေးပါတယ်။ အဲဒီလိုဆောင်ရွက်ရခြင်းဟာလည်း မော်တော်ယာဉ်ဟောင်းအပ်နှံခြင်းမပြုဘဲနဲ့ ယာဉ်အသစ်အစားထိုးမှတ်ပုံတင် ဆောင်ရွက်ခြင်းမပြုနိုင်အောင် ကြိုတင်စီစဉ်ကန့်သတ်ထားခြင်းဖြစ်ပါတယ်။ စက်မှုဇုန်ထုတ်ယာဉ်တွေကို ၁၄-၇-၂၀၁၄ ရက်နေ့က စတင်အပ်နှံမှုပြုခဲ့ရာမှာ ၂၇-၂-၂၀၁၅ ရက်နေ့အထိ စက်မှုဇုန်ထုတ်ယာဉ် ၂၃၇၄၅ စီး အပ်နှံခဲ့ပါတယ်။ အဲဒီယာဉ်တွေမှာ မှတ်ပုံတင်သက်တမ်း ငါးနှစ်နှင့်အထက်က ၂၁၀၁၅ စီးပါဝင်ပါတယ်။ မှတ်ပုံတင်သက်တမ်း တစ်နှစ်နှင့် ငါးနှစ်အတွင်းက ၁၆၁၃ စီးပါပါတယ်။ မှတ်ပုံတင်သက်တမ်း တစ်နှစ်အောက်ယာဉ်က ၁၁၁၇ စီးပါပါတယ်။ မှတ်ပုံတင်သက်တမ်း ငါးနှစ်နှင့်အထက်ယာဉ်တွေက အပ်နှံမှုများကြောင်း၊ တွေ့ရကြောင်း တင်ပြအပ်ပါတယ်။

သဘော်ာဖျက်စက်ရုံ(သီလဝါ)မှာ စက်မှုဇုန်ထုတ်ယာဉ်များ မမှန်မကန်အပ်နှံခြင်းရှိလာတဲ့အကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(သန်လျင်)က တင်ပြချက်ရှိလာတဲ့အတွက်ကြောင့် လုပ်ဆောင်မှုတွေကို ပြန်လည်စိစစ်ဖို့အတွက် ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ကစပြီး စက်မှုဇုန်ထုတ်ယာဉ် အပ်နှံခြင်းကို ယာယီရပ်ဆိုင်းခဲ့ပါတယ်။ အဲဒီဖြစ်စဉ်များမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်သမ္မတရုံးကိုလည်း ဖြစ်စဉ်ကို တင်ပြလမ်းညွှန်ချက်ခံယူပြီးတော့ လမ်းညွှန်ချက်အရ ၂၀၁၅ ခုနှစ်၊ မေလ ၁ ရက်နေ့ကစပြီး မှတ်ပုံတင်သက်တမ်း ၁၀ နှစ်ကျော်တဲ့စက်မှုဇုန်ထုတ်ယာဉ်တွေကိုသာ အပ်နှံလက်ခံခြင်းကို ဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်းကို

၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့ထုတ်တဲ့ နိုင်ငံပိုင်သတင်းစာမှာ ထည့်သွင်းကြော်ငြာခြင်း၊ ကညနရုံး Website မှာ ထည့်သွင်းဖော်ပြခြင်း၊ ရုံးများကိုလည်း မှတ်ပုံတင်သက်တမ်း ၁၀ နှစ်ကျော်မှသာ အပ်နှံလက်ခံခြင်းများကို ၁-၅-၂၀၁၅ ရက်နေ့ကစတင်ပြီး ဆောင်ရွက်ဖို့ ညွှန်ကြားခြင်းများ ပြုလုပ်ခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်း ကျွန်တော်တို့ဆီ လက်ခံရရှိပြီးတဲ့နောက်မှာ ပြန်လည်စိစစ်တဲ့အနေနဲ့ ကနဦးမှတ်ပုံတင်ပြီး တစ်နှစ်အတွင်းမှာ ယာဉ်အိုယာဉ်ဟောင်းအဖြစ် ပြန်လည်အပ်နှံခဲ့တဲ့ ကျွန်တော် ခုနကတင်ပြခဲ့တဲ့ စက်မှုဇုန်ထုတ်ယာဉ် ၁၁၁၇ စီးကို ရုံးချုပ်မှာရှိတဲ့ ကနဦးမှတ်တမ်းအမှုတွဲ အဲဒါတွေရယ်၊ ယာဉ်အိုယာဉ်ဟောင်းအပ်နှံစဉ်က သက်ဆိုင်ရာရုံးက ပြုစုပေးပို့ထားတဲ့အမှုတွဲတွေကို ရုံးချုပ်(နေပြည်တော်)က ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဆောင်တဲ့အဖွဲ့က ကနဦးမှတ်ပုံတင်ပေးခဲ့တဲ့ ယာဉ်အမှုတွဲမှတ်တမ်းများနဲ့ ပုံစံ(ဃ)ထုတ်ပေးချိန်မှာ စစ်ဆေးခဲ့တဲ့ ယာဉ်စစ်ဆေးချက်မှတ်တမ်းများ တူညီမှုရှိ/မရှိ တိုက်ဆိုင်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ အလားတူပဲ ဘောင်အမှတ် ခဲခြစ်များ မှန်ကန်မှုရှိ/မရှိ တိုက်ဆိုင်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပါတယ်။ အလားတူပဲ ကနဦးမှတ်ပုံတင်ခဲ့စဉ်က ဓာတ်ပုံသုံးပုံရိုက်ပါတယ်။ ပုံစံ(ဃ)ထုတ်ပေးတဲ့အချိန်မှာတော့ ဓာတ်ပုံတစ်ပုံရိုက်ပါတယ်။ အဲဒီဓာတ်ပုံတွေကို ပြန်လည်တိုက်ဆိုင်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရာမှာ ယခင်မှတ်တမ်းများနဲ့ တူညီမှုရှိကြောင်း၊ တွေ့ရကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ စက်မှုဇုန်ထုတ်ယာဉ်များ အပ်နှံလက်ခံခြင်းနှင့်ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနရဲ့ဖြေကြားချက်ကို ဆက်လက်ပြီးတင်ပြသွားပါမယ်။ ကညနအနေနဲ့ ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၁၄ ရက်ကစပြီး စက်မှုဇုန်ထုတ်ယာဉ်များအနက် Road Safety မဖြစ်တဲ့ယာဉ်အိုယာဉ်ဟောင်းတွေကို သံရည်ကျိုယာဉ်အဖြစ် အပ်နှံစေခဲ့ရာမှာ ၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့အထိ ၁၄၆၄၇ စီးလက်ခံရရှိခဲ့ပါတယ်။ လာရောက်အပ်နှံတဲ့ စက်မှုဇုန်ထုတ်ယာဉ်တွေအနက်က ယာဉ်အမှတ် (8L /-----)အက္ခရာပါ ယာဉ်တွေကိုတော့ ၂၀၁၄ ခုနှစ်၊ ဇူလိုင် ၂၅ ရက်က လက်ခံခဲ့ရာမှာ ၂၀၁၅ ခုနှစ်၊ မေလ ၂၅ ရက်နေ့အထိ ၁၁၈၃ စီး လက်ခံပြီး ဖျက်သိမ်းရေးဆောင်ရွက်ပြီးဖြစ်ပါတယ်။ ဤသို့စစ်ဆေးလက်ခံရာမှာ အချက်(၂)ချက်ဖြစ်တဲ့ ယာဉ်တစ်စီးမှာပါရမယ့်ပစ္စည်းများအရ ယာဉ်အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံမှုရှိ/မရှိ၊ ယာဉ်အား စက်နှိုးစမ်းသပ်မောင်းနှင်နိုင်ခြင်းရှိ/မရှိ စတဲ့အခြေအနေတွေကို အဓိကထားပြီး စစ်ဆေးဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာတော့ လာရောက်အပ်နှံတဲ့ စက်မှုဇုန်ထုတ်လုပ်သောယာဉ်များ စိစစ်ရာမှာ ယာဉ်အင်္ဂါရပ်များနှင့် ညီညွတ်မှုမရှိတဲ့အတွက် စက်ရုံအနေနဲ့ စက်မှုဇုန်ထုတ်ယာဉ်အမှတ် (8L /-----)အက္ခရာပါ ယာဉ်အမျိုးအစား ၂၅၀ စီးခန့်အတွက်

အပ်နှံလက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခဲ့ပြီးတော့ ကညနရဲ့ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် ရက်စွဲပါစာအရလည်း စက်မှုဇုန်ထုတ်ယာဉ်တွေ လက်ခံအပ်နှံခြင်းကို ရပ်ဆိုင်းထားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကညနရဲ့ခွင့်ပြုချက်နဲ့အပ်နှံလာတဲ့ စက်မှုဇုန်ထုတ်ယာဉ်များအပါအဝင် ယာဉ်အိုယာဉ်ဟောင်းများနဲ့ပတ်သက်ပြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ သဘော်ာဖျက်စက်ရုံအနေနဲ့ စစ်ဆေးလက်ခံရေးအဖွဲ့နဲ့ စနစ်တကျစစ်ဆေးလက်ခံရေး ဆောင်ရွက်လျက်ရှိပြီး ယာဉ်အင်္ဂါရပ်နှင့် ညီညွတ်မှုမရှိတဲ့ ယာဉ်များအား လက်ခံဆောင်ရွက်ပေးခဲ့ခြင်းမရှိပါကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ဖြေကြားထားကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဟန်ပြအတုအယောင်ထုတ်လုပ်သော စက်မှုဇုန်ထုတ်ယာဉ်များ အပြီးအပိုင်ဖျက်သိမ်းပေးခြင်းရှိ/မရှိ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးမြန်းမှုနှင့်ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနရဲ့ဖြေကြားချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ ပြည်တွင်းစက်မှုဇုန်များဟာ ၂၀၀၁-၂၀၀၂ ကစပြီး ကားတွေစတင်ထုတ်လုပ်ခဲ့ပါတယ်။ ပြည်တွင်းလိုအပ်ချက်ကို အထိုက်အလျောက်ဖြည့်ဆည်းပေးခဲ့ခြင်းကို မြန်မာနိုင်ငံရဲ့နယ်မြေဒေသ လမ်းများပေါ်မှာအသုံးပြုနေတဲ့ စက်မှုဇုန်ထုတ်မော်တော်ယာဉ်များကို ကြည့်၍ လေ့လာသုံးသပ်နိုင်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ စက်မှုဇုန်များမှ ထုတ်လုပ်ခဲ့တဲ့ မော်တော်ယာဉ်စုစုပေါင်း ၉၉၅၄၃ စီးရှိကြောင်း တင်ပြအပ်ပါတယ်။ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဟာ ၂၀၁၀ ခုနှစ်က ၂၀၁၂ ခုနှစ်အတွင်း ဘက်စုံသုံးမော်တော်ယာဉ်များကို ထုတ်လုပ်ခွင့်ပေးခဲ့တဲ့အတွက်ကြောင့် အခြားလုပ်ငန်းဆောင်ရွက်နေသူများဟာ စက်မှုဇုန်ထုတ်မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းအတွင်း ဝင်ရောက်လာပြီးတော့ မမှန်ကန်တဲ့နည်းများအသုံးပြုကြတဲ့အတွက် ဘက်စုံသုံးမော်တော်ယာဉ်တွေထုတ်လုပ်ခြင်းကို ၂၀၁၂ ခုနှစ်အတွင်းမှာတော့ ပိတ်သိမ်းခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ မော်တော်ယာဉ်တင်သွင်းမှုပေါ်လစီကိုချမှတ်ပြီး ကားတွေတင်သွင်းခွင့်ပြုခဲ့ရာမှာ စက်မှုဇုန်များမှ အများဆုံးထုတ်လုပ်တဲ့ အပေါ့စားယာဉ် Light Truck များကို တင်သွင်းခွင့်ပေးခဲ့တဲ့အတွက် ပြည်တွင်းထုတ်လုပ်တဲ့မော်တော်ယာဉ်များဟာ ပြည်ပက Mass Production နဲ့သွင်းလာတဲ့ မော်တော်ယာဉ်များရဲ့ အရည်အသွေးနဲ့ဈေးနှုန်းတို့ကို ယှဉ်ပြိုင်နိုင်ခြင်းမရှိတဲ့အတွက်ကြောင့် စက်မှုဇုန်များအနေနဲ့ မော်တော်ယာဉ်ထုတ်လုပ်မှု ကျဆင်းခဲ့ပါတယ်။ နိုင်ငံတော်ရဲ့လိုအပ်ချက်အရ ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းအပ်နှံတဲ့ကိစ္စ ဆောင်ရွက်ရာမှာ ၂၀၁၄ ခုနှစ်မှာ စက်မှုဇုန်ထုတ်မော်တော်ယာဉ်များကို နှစ်အကန့်အသတ်ဖော်ပြခြင်းမပြုဘဲနဲ့ ယာဉ်အိုယာဉ်ဟောင်းအဖြစ် လက်ခံလာတဲ့အတွက်ကြောင့် မော်တော်ယာဉ်ဝယ်/ရောင်းလုပ်တဲ့ လုပ်ငန်းများအနေနဲ့ မော်တော်ယာဉ် တင်

သွင်းရန်အတွက် လိုအပ်တဲ့ကားစလစ်ရရှိနိုင်ရန် စက်မှုဇုန်ထုတ်မော်တော်ယာဉ်များကို အပ်နှံခြင်းဖြင့် ချိတ်ဆက်ဆောင်ရွက်လာကြောင်း တွေ့ရကြောင်း တင်ပြအပ်ပါတယ်။

ပြည်တွင်းထုတ်လုပ်မှုကို အားပေးမှသာ ပြည်တွင်းစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်တဲ့အတွက်ကြောင့် ပြည်တွင်းလုပ်ငန်းရှင်များနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရေရှည်ရှင်သန်တိုးတက်စေမယ့်မူဝါဒများဖြင့် အားပေးမြှင့်တင်ရမှာဖြစ်ပါတယ်။ စက်မှုဇုန်များအနေနဲ့ မှန်ကန်တဲ့လမ်းကြောင်းပေါ်မှာ မော်တော်ယာဉ်ထုတ်လုပ်စေရန် မှန်ကန်ပွင့်လင်းမြင်သာတဲ့ မူဝါဒများနဲ့ ထိန်းကျောင်းရင်း စက်မှုလုပ်ငန်းတိုးတက်မြင့်မားရေးကို အားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ စက်မှုဇုန်များရဲ့ မော်တော်ယာဉ်ထုတ်လုပ်မှုလုပ်ငန်းကို အပြီးအပိုင် ဖျက်သိမ်းပေးရန်မှာ ၎င်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများရဲ့ စားဝတ်နေရေးကို လျစ်လျူရှု၍မရပါကြောင်း စက်မှုဝန်ကြီးဌာနမှ ဖြေကြားထားကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ရမည်းသင်းဘူတာ ယာဒ်ဝင်းရှိ အသုံးမပြုသောမြေများတွင် ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော အဆောက်အဦများ၊ ဌာနအတွက် ဝင်ငွေရရှိနိုင်သော အဆောက်အဦများ၊ လူနေအဆောက်အဦများအစရှိသော စီးပွားရေးလုပ်ငန်းများ စီမံကိန်းချဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ ဖြစ်ပါတယ်။ ရမည်းသင်းဘူတာယာဒ်ဝင်းရှိ အသုံးမပြုသော မြေများတွင် ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသောအဆောက်အဦများ၊ ဌာနအတွက်ဝင်ငွေရရှိနိုင်သော အဆောက်အဦများ၊ လူနေအဆောက်အဦများအစရှိသော စီးပွားရေးလုပ်ငန်းများ စီမံကိန်းချဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ရမည်းသင်းဘူတာဟာ ရမည်းသင်းမြို့ရဲ့ အနောက်ခြမ်းတွင်တည်ရှိပြီး ရန်ကုန်-မန္တလေးရထားလမ်းအား တောင်-မြောက်ဖြတ်သန်းဖောက်လုပ်ထားပါတယ်။

မီးရထားရဲစခန်း၊ မီးရထားဆေးရုံ၊ သံလမ်းအုပ်ကြီးရုံးနှင့် ဝန်ထမ်းနေအိမ်များ စနစ်တကျစီမံထား ရှိထားပါတယ်။ ဘူတာယာဒ်ဝင်းနယ်မြေများဖြစ်သော အ.ထ.က(၁) အခြေခံပညာအထက်တန်း ကျောင်းတောင်ဘက်၊ မြို့နယ်လျှပ်စစ်ရုံးတောင်ဘက်၊ မီးရထားရဲစခန်းတောင်ဘက်တို့တွင် မြေလွတ် ဧကများနှင့် ဘူတာယာဒ်ဝင်း၏အရှေ့ထိပ်တွင် ရပ်ကွက်နဲ့ဆက်စပ် မီးရထားကန်များရှိပါတယ်။ ယခု အချိန်တွင် မီးရထားကန်များတိမ်ကောနေခြင်း၊ မီးရထားရဲစခန်းရှေ့ဈေးဆိုင်ခန်းများကြောင့် ပြည်သူ လူထု မီးရထားရဲစခန်းကို သတိမမူနိုင်ခြင်းနှင့် မြေလွတ်နေရာများတွင် ကန္တာရခြုံနွယ်များ များစွာ ပေါက်ခြင်းတို့ကြောင့် ဘူတာယာဒ်ဝင်းဟာ မြို့အင်္ဂါရပ်နှင့်မညီ ဖြစ်နေပါတယ်။ Delivery Unit ဒုဝန်ကြီးအဖွဲ့ ရမည်းသင်းမြို့သို့ လာရောက်စဉ်ကတင်ပြခဲ့ရာ ခြံစည်းရိုးကာရံပေးရန် စီမံပေးခဲ့ပါ တယ်။ ဆက်လက်အကောင်အထည်ဖော်မယ့် မည်သည့်လုပ်ငန်းမှမရှိခဲ့ပါ။ ဘူတာယာဒ်ဝင်းဟာ သန့်ရှင်းသပ်ရပ်အောင်ပြုလုပ်ပြီး အသုံးပြုသော အဆောက်အဦများ သီးပင်စားပင်များဖြင့် ပြုပြင်တည် ဆောက်နိုင်ပါက များစွာအကျိုးရှိမည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက် ရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးကို ရှေးရှုပြီး ရမည်းသင်းဘူတာယာဒ်ဝင်းရှိ အသုံးမပြုသော မြေများတွင် ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော အဆောက်အဦများ၊ ဌာနအတွက် ဝင်ငွေ ရရှိနိုင်သော အဆောက်အဦများ၊ လူနေ အဆောက်အဦများ အစရှိတဲ့ စီးပွားရေးလုပ်ငန်းများ စီမံကိန်းချ ဆောင်ရွက်နိုင်ပါက နိုင်ငံတော်အတွက်လည်းအကျိုးရှိ ကျွန်တော်တို့ဘူတာဝန်းကျင် သာယာလှပမှာဖြစ်ပါ၍ စီမံကိန်းချဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီရဲ့ မေးခွန်းကို ရထားပို့ဆောင် ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။ ၁၆-၁၁-၂၀၁၃ ရက်နေ့ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး

ဆပ်ကော်မတီရဲ့ မန္တလေးတိုင်းဒေသကြီးခရီးစဉ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီရဲ့ ရမည်းသင်းဘူတာမှာ ရထားလမ်းနှင့် ကားလမ်းကြားမှာ တည်ရှိပြီးတော့ အထက်တန်းကျောင်းနှင့် လည်းနီးသဖြင့် ဘူတာယာဒ်ဝင်းအတွင်း ခြုံနွယ်ပိတ်ပေါင်းများထူထပ်ခြင်း၊ သန့်ရှင်းသပ်ရပ်မှုမရှိခြင်း တို့ကြောင့် မြို့ကိုအမြင်မတင့်တယ်စေသည့်အပြင် မကောင်းမှုများလာရောက်ခိုအောင်းလုပ်ကိုင်နိုင်တဲ့ အတွက် ဘူတာသန့်ရှင်းသပ်ရပ်လှပအောင် ပြုလုပ်ပေးရန် တင်ပြမှုအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန မှ ခြုံနွယ်များရှင်းလင်းခြင်း၊ သွပ်ဆူးကြိုး၊ ခြံစည်းရိုးကာရံခြင်းတို့ကို ၂၀၁၄ ခုနှစ်အတွင်းမှာ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

ဒါ့အပြင် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းကို ဂျပန်နိုင်ငံ ODA Loan နဲ့ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အပိုင်း ၃ ပိုင်းအဖြစ် ရန်ကုန်-တောင်ငူ၊ တောင်ငူ-ရမည်းသင်း၊ ရမည်းသင်း-မန္တလေးအဖြစ် ခွဲခြားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရမည်းသင်းဘူတာ ဟာ တောင်ငူ-ရမည်းသင်းနှင့် ရမည်းသင်း-မန္တလေးလမ်းပိုင်းရဲ့ အလယ်ပိုင်းမှာ တည်ရှိပြီးတော့ အဲဒီ မြေနေရာမှာ စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများထားရှိရေး၊ စီမံကိန်းရုံးများတည်ဆောက်ရေး၊ ရထားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပြီး စီမံကိန်းဝန်ထမ်းများနေထိုင်ရန် အဆောက်အအုံ များ ဆောက်လုပ်ရန်လျာထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျာ။

**တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်-မြိတ်မီးရထားလမ်းကို နိုင်ငံတော်ဘဏ္ဍာငွေ မည်မျှသုံးစွဲခဲ့ပြီး ယင်းစီမံကိန်းကို ယခုအစိုးရလက်ထက်တွင် မည်သို့ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လောင်းလုံးမဲဆန္ဒနယ်မှ ဦးအောင်စိုး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်စိုး(လောင်းလုံးမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ထားဝယ်-မြိတ်-မီးရထားလမ်း စီမံကိန်း ရပ်ဆိုင်းထားခြင်းနှင့်ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးရဲ့ ရေး-ထားဝယ်-မီးရထားလမ်းမိုင် ၁၀၀ ခန့်ကို ယခင်တပ်မတော်အစိုးရ လက်ထက်မှာ ပြည်သူ့လုပ်အားပေါင်းများစွာနဲ့ ဖောက်လုပ်ပြီးစီးခဲ့ပါတယ်။ ယခုအစိုးရလက်ထက်မှာ

မိုင် ၁၃၂.၅မိုင်ရှိတဲ့ ထားဝယ်-မြိတ်-မီးရထားလမ်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ စတင်ဖောက်လုပ်ခဲ့ပါတယ်။ ဒီမီးရထားလမ်းရဲ့ လမ်းအူကြောင်းဟာ လယ်ကွင်းများ၊ ရာဘာခြံများအပါအဝင် ဥယျာဉ်ခြံမြေများစွာကို ဖြတ်သန်းဖောက်လုပ်ရတဲ့အတွက် ဒေသခံပြည်သူလူထု ဆုံးရှုံးမှု၊ နစ်နာထိခိုက်မှုများစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါပေမဲ့ လုပ်ငန်းပြီးမြောက်သွားခဲ့ရင် ဒေသဖွံ့ဖြိုးရေးကိုမျှော်ကိုးပြီး ပြည်သူလူထုများစွာ ကျေနပ်နှစ်သက်ကြမှာ ဖြစ်ပါတယ်။ သို့သော် ၁၅ မိုင်ခန့်သာရှိတဲ့ ထားဝယ်မှ သရက်ချောင်းမြို့အထိသာ ပြီးမြောက်ခဲ့ပါတယ်။ အဲဒီမီးရထားလမ်း လမ်းပိုင်းသစ်ဖွင့်ပွဲကြီးကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီးတဲ့နောက်ပိုင်းမှာ ပြေးဆွဲခြင်းလုံးဝမပြုပဲ ယနေ့ထိရပ်ဆိုင်းထားတာတွေ့ရပါတယ်။ ၎င်းအပြင် ဖောက်လုပ်ရန်ကျန်ရှိနေသေးတဲ့ မိုင် ၁၂၀ ခန့်ကို လုံးဝရပ်နားထားတဲ့အတွက် ဒေသခံအနေဖြင့် ဖွတ်လည်းမရ၊ ဓားမလည်းဆုံး ဆိုသကဲ့သို့ နစ်နာမှု၊ ဆုံးရှုံးမှုများစွာ ခံစားရပြီး ဒေသဖွံ့ဖြိုးရေးကို မခံစားရဘဲဖြစ်နေပါတယ်။ ဆောက်လုပ်ထားပြီးဖြစ်တဲ့ ဘူတာရုံများ၊ တံတားများနှင့် လမ်းဘောင်များဟာလည်း ထိန်းသိမ်းမှုမရှိပဲ ပျက်စီးယိုယွင်းလျက်ရှိပါတယ်။ သို့ပါ၍ ကျွန်တော့်အနေနဲ့ ၎င်းမီးရထားလမ်းနှင့်ပတ်သက်ပြီး နံပါတ် (၁) ထားဝယ်-မြိတ်မီးရထားလမ်းစီမံကိန်းအား ယခုအစိုးရလက်ထက်တွင် မည်သို့ဆက်လက် ဆောင်ရွက်သွားမည်ကို သိရှိလိုပါတယ်။ နံပါတ် (၂) အနေနဲ့ ထားဝယ်-မြိတ်မီးရထားလမ်းစီမံကိန်းအတွက် နိုင်ငံတော်ဘဏ္ဍာငွေကို မည်သို့သတ်မှတ်၍ မည်မျှသုံးစွဲခဲ့သည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ် မြောက်ပုံမှန်အစည်းအဝေးတွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်စိုးရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ၂၀၀၈-၂၀၀၉ ခုနှစ်မှာ စတင်ဖောက်လုပ်ခဲ့ပါတယ်။ ခရီးမိုင်ကတော့

၁၃၂.၅၀ မိုင်ခန့်ရှိပါတယ်။ ထားဝယ်-မြိတ်ရထားလမ်းပိုင်းမှာရှိတဲ့ ထားဝယ်-သရက်ချောင်းလမ်းပိုင်း ခရီးမိုင် ၁၉.၃၁ မိုင်ကိုတော့ ၄-၆-၂၀၁၁ နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ဒါပေမဲ့ ရထားစီးခရီးသည် အလွန်နည်းပါးတဲ့အတွက်ကြောင့် ၁၉-၁၂-၂၀၁၁ ရက်နေ့မှစ၍ ရထားပြေးဆွဲခြင်းကို ရပ်ဆိုင်းခဲ့ပါ တယ်။ ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကစပြီး တော့ လုပ်ငန်းတွေရပ်ဆိုင်းခဲ့ပါတယ်။ အဆိုပါလုပ်ငန်းအတွက် စတင်ခဲ့တဲ့ ၂၀၀၈-၂၀၀၉ ကနေ ရပ်ဆိုင်းတဲ့ ၂၀၁၂-၂၀၁၃ အထိ သုံးစွဲပြီးဘဏ္ဍာငွေကတော့ သီးနှံလျော်ကြေးပေးမှုကျပ် ၂၉၈.၉၄၈ သန်းအပါအဝင် ငွေကျပ် ၂၃၀၉၉.၁၈၉ သန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို နိုင်ငံတော်ဘဏ္ဍာငွေအခြေအနေအရ ရပ်ဆိုင်းခဲ့သော်လည်း အများပြည်သူသုံးတဲ့ သယ်ယူပို့ဆောင်ရေးစနစ်အဖြစ် နိုင်ငံအဝှမ်းပျံ့နှံ့ ပို့ဆောင်နိုင်ရန်ရည်မှန်းပြီးတော့ နှစ် (၂၀) စီမံကိန်းရဲ့ တတိယ (၅) နှစ်စီမံကိန်းကာလဖြစ်တဲ့ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ အတွင်း ထည့်သွင်းလျာထားဆဲဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပါပြီ။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကို ဆောင်ရွက်ပါ့မယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနက စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာအောင်ကျော်မြတ်(ဒုတိယဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့ ကြွရောက်လျက်ရှိကြပါသော ပြည်ထောင်စုအဆင့် အကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါ တယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်တော် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်မှ ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့တဲ့

အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာဥပဒေကြမ်း (၄)ရပ်အနက် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းမှာဖြစ်ပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှတာဝန်ယူ၍ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေတွေကို ကုန်သွယ်မှုနှင့်ဆက်စပ်လျက်ရှိသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဆိုင်ရာသဘောတူညီချက်စာချုပ် (Trade-Related Aspects of Intellectual Property Rights TRIPS)၏ အနိမ့်ဆုံးစံသတ်မှတ်ချက်များနဲ့အညီ ကမ္ဘာ့အသိဉာဏ်ပစ္စည်းအဖွဲ့မှ ဥပဒေပညာရှင်များ၊ ဂျပန်တီထွင်မှုဆိုင်ရာ မူပိုင်ခွင့်ရုံး(JPO)၊ ဥရောပသမဂ္ဂကော်မရှင်၊ US AID တို့မှ အကူအညီများဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တက္ကသိုလ်အသီးသီးရှိ ပညာရှင်များ၊ ပါမောက္ခများ၊ ပြည်နယ်/ တိုင်းဒေသကြီးများမှ ကိုယ်စားလှယ်များနှင့် ညှိနှိုင်းအစည်းအဝေးများကို အကြိမ်ကြိမ်ကျင်းပပြုလုပ် ခဲ့ပါတယ်။ ၎င်းဥပဒေ၏အဓိကရည်ရွယ်ချက်ကတော့ မှတ်ပုံတင်စက်မှုဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏ အခွင့်အရေးနှင့်အကျိုးစီးပွားကို အကာအကွယ်ပေးရန်၊ စက်မှုလက်မှုလုပ်ငန်းများကို အထောက်အကူ ဖြစ်စေရန်၊ ဖန်တီးသူနှင့် စက်မှုဒီဇိုင်းသုံးစွဲသူများအကြား နည်းပညာဗဟုသုတနှင့် လူမှုစီးပွားဘဝ သာယာဝပြောရေးကို အပြန်အလှန်အကျိုးပြုစေရန်နှင့် ၎င်းတို့၏အခွင့်အရေးများနှင့် စောင့်ထိန်း ရမည့် တာဝန်များအကြား ဟန်ချက်ညီနိုင်ရေးကို အထောက်အကူပြုစေရန်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်မည့် စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်မှ ဆွေးနွေးဆုံးဖြတ်လျက် ပြဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာ တင်သွင်းအပ်ပါတယ်။

**စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ် ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရှိသေလေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသာ ပြည်ထောင်စု ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့

မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညိုဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စား ကော်မတီ၏တာဝန်ပေးအပ်ချက်အရ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာအား ဖတ်ကြားတင်ပြ သွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါသည်။

၂။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် မှတ်ပုံတင်ဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏ အခွင့်အရေး နှင့် အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊ စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုရန်နှင့် ဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေး တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဤဥပဒေကြမ်းကို ရေးဆွဲတင်ပြ လာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၆-၇-၂၀၁၅ ရက်နေ့၊ ၇-၇-၂၀၁၅ ရက်နေ့၊ ၉-၇-၂၀၁၅ ရက်နေ့နှင့် ၁၁-၇-၂၀၁၅ ရက်နေ့ များတွင် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ ရင်းနှီး မြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ် များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကျင်းပခဲ့ရာ တာဝန်ခံဝန်ကြီးဌာနက သက်ဆိုင်ရာတာဝန်ရှိသူများသည် အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာအဖွဲ့အစည်း (World Intellectual Property Organization-W.I.P.O)နှင့် အကြိမ်ကြိမ် ညှိနှိုင်းအတည်ပြုခဲ့ကြောင်း၊ ယင်းသို့ အတည်ပြုချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲ အဖွဲ့အစည်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများပြုလုပ်ခဲ့ကြောင်း၊ ပြည်ထောင်စု အစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြစိစစ်ခဲ့ပြီး၊ ပြည်ထောင်စု

အစိုးရအဖွဲ့၏ခွင့်ပြုချက်အရ လွှတ်တော်သို့ ဥပဒေအဖြစ်ပြဋ္ဌာန်းပေးနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြလာပါသည်။

၄။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေပေးထားသည့် အစီရင်ခံစာ စာမျက်နှာ ၂ မှ ၁၃ အထိ ဖြစ်ပြီး ပြင်ဆင်ရန်အချက်ပေါင်း (၈၇)ချက်ရှိသည့်အတွက် ဖတ်ကြားခြင်းမပြုတော့သည်ကို ခွင့်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးထံ လေးစားစွာတင်ပြအပ်ပါတယ်။

၅။ သို့ဖြစ်ပါ၍ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါသည်။

၂။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် မှတ်ပုံတင်ဒီဇိုင်းပိုင်ရှင်နှင့် ဖန်တီးသူတို့၏ အခွင့်အရေးနှင့်အကျိုးစီးပွားကို ဤဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် ဒီဇိုင်းနည်းပညာ တိုးတက်လာစေရေးနှင့် ပြန့်ပွားရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဤဥပဒေကြမ်းကို ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၆-၇-၂၀၁၅ ရက်နေ့၊ ၇-၇-၂၀၁၅ ရက်နေ့၊ ၉-၇-၂၀၁၅ ရက်နေ့နှင့် ၁၁-၇-၂၀၁၅ ရက်နေ့များတွင် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူညှိနှိုင်း အစည်းအဝေးများကျင်းပခဲ့ရာ တာဝန်ခံဝန်ကြီးဌာနက သက်ဆိုင်ရာတာဝန်ရှိသူများသည် အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာအဖွဲ့အစည်း World Intellectual Property Organization (W.I.P.O) နှင့် အကြိမ်ကြိမ် ညှိနှိုင်းအတည်ပြုခဲ့ကြောင်း၊ ယင်းသို့အတည်ပြုချက်များကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ တရားစွဲအဖွဲ့အစည်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများပြုလုပ်ခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ပေးချက်အရ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြစိစစ်စေခဲ့ပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ လွှတ်တော်သို့ ဥပဒေအဖြစ်ပြဋ္ဌာန်းပေးနိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

၄။ ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ (၁၂)ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း(၂၃)ခန်းနှင့် အပိုဒ်ပေါင်း(၇၅)ခုပါရှိပါသည်။

(၂) ဥပဒေခေါင်းစီးရှိ စက်မှုဒီဇိုင်းစကားရပ်ကို ဒီဇိုင်းဟု ပြင်ဆင်ပါသဖြင့် ဤဥပဒေတွင်ပါရှိသော စက်မှုဒီဇိုင်းဆိုသည့် စကားရပ်များကို ဒီဇိုင်းဟု ပြင်ဆင်ပါသည်။

(၃) အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ရှိ မပါဝင်ပါ စကားရပ်ကို မပါဝင်ဟု ပြင်ဆင်ပါသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

(င) ဦးစားပေးအခွင့်အရေးဆိုသည်မှာ ပုဒ်မ ၃၁ ပါ ဦးစားပေးအခွင့်အရေးကိုဆိုသည်။

(စ) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးဆိုသည်မှာ ပုဒ်မ ၃၂ ပါ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကိုဆိုသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)ကို အပိုဒ်ခွဲ(ဌ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ အကြီးအကဲစကားရပ်ကို အကြီးအမှူးဟု ပြင်ဆင်ပါသည်။

(၆) အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)ကို အပိုဒ်ခွဲ(ၡ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ စီရင်ပိုင်ခွင့် အာဏာအပ်နှင်းခြင်းခံရသော တရားသူကြီး ရုံးထိုင်သည့် စကားရပ်ကို ဥပဒေအရ တည်ထောင်သောဟု ပြင်ဆင်ပါသည်။

(၇) အခန်း(၃) အပိုဒ် ၄ အပိုဒ်ခွဲ(က)ရှိ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် အသိဉာဏ်ပစ္စည်းမှုပိုင်ခွင့်ရုံးကို တည်ထောင်ခြင်း စကားရပ်ကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အသိဉာဏ်ပစ္စည်း မှုပိုင်ခွင့်ရုံးကို ဖွဲ့စည်း တည်ထောင်ခြင်းဟု ပြင်ဆင်ပါသည်။

(၈) အပိုဒ် ၄ အပိုဒ်ခွဲ(ဈ)ရှိ ဤဥပဒေပါ စကားရပ်ကို ဤဥပဒေနှင့်အညီ ပေးဆောင်ရမည့်ဟု ပြင်ဆင်ပါသည်။

(၉) အပိုဒ် ၄ အပိုဒ်ခွဲ(ဌ)ရှိ ပြည်ထောင်စုအစိုးရစကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့ဟု ပြင်ဆင်ပါသည်။

(၁၀) အခန်း(၄) အပိုဒ် ၅ အပိုဒ်ခွဲ(စ)ရှိ ကြားနာခွင့်စကားရပ်ကို ရှင်းလင်းချေပခွင့်ဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၅ အပိုဒ်ခွဲ(ဈ)ရှိ လိုင်စင်စကားရပ်ကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ဟု ပြင်ဆင်ပါသည်။

(၁၂) အခန်း(၅) အပိုဒ် ၇ ကို အကာအကွယ်ရရှိနိုင်မည့် ဒီဇိုင်းတစ်ရပ်ရပ်သည် အသစ် သို့မဟုတ် မူလဖြစ်ရမည့်အပြင် တုပမှီခိုမှုကင်းစွာဖန်တီးထားခြင်းဖြစ်ရမည်ဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၈ နှင့် အပိုဒ် ၁၀ အပိုဒ်ခွဲ(ခ)တို့တွင်ပါရှိသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်စကားရပ်ကို နိုင်ငံတော်ဟုလည်းကောင်း၊ အပိုဒ် ၈ တွင်ပါရှိသော အသစ်ဖြစ်သည် စကားရပ်ကို အသစ်ဖြစ်သည်ဟု မှတ်ယူရမည်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၉ အပိုဒ်ခွဲ(က)ရှိ အသစ်ဖြစ်သည်ဟု မမှတ်ယူရ စကားရပ်ကို အသစ် သို့မဟုတ် မူလဖြစ်သည်ဟု မှတ်ယူခြင်းမပြုရဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၁၅) အပိုဒ် ၉ အပိုဒ်ခွဲ(ခ)ရှိ မူလဖြစ်သည်ဟု မမှတ်ယူရ စကားရပ်ကို အသစ် သို့မဟုတ် မူလဖြစ်သည်ဟု မှတ်ယူခြင်း မပြုရဟု ပြင်ဆင် ပါသည်။

(၁၆) အပိုဒ် ၁၀ အပုဒ်ခွဲ(က)ရှိ ကြံ့ဆချက်များဖြင့်သာ စကားရပ်ကို ကြံ့ဆချက်များဖြင့်ဟု ပြင်ဆင်ပါသည်။

(၁၇) အခန်း(၇) အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)ရှိ လိုင်စင်ရရှိမည်ဖြစ်သည် စကားရပ်ကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးရန် လျှောက်ထားခွင့်ရှိသည်ဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၁၃ အပိုဒ်ခွဲ(င)ရှိ ပုဒ်မခွဲ(က)၊ (ခ) နှင့် (ဃ) စကားရပ်ကို ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ(ဃ)ဟု ပြင်ဆင်ပါသည်။

(၁၉) အခန်း(၈)အပိုဒ် ၁၆ ခြေဆင်းကို အပိုဒ်ခွဲ(က)အဖြစ် ဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်ဟု ပြင်ဆင်ပါသည်။

(၂၀) အပိုဒ် ၁၆ အပိုဒ်ခွဲ(စ)ကို အပိုဒ်ခွဲ(ခ)အဖြစ် ပုဒ်မခွဲ(က)ပါ အချက်များအပြင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးက သတ်မှတ်သည့် အခြားလိုအပ်ချက်များကိုလည်း ပူးတွဲတင်ပြရမည်ဟု ပြင်ဆင်ပါသည်။

(၂၁) အပိုဒ် ၁၇ ရှိ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)မှ(င) စကားရပ်ကို ပုဒ်မ ၁၆၊ ပုဒ်မခွဲ(က)ဟုလည်းကောင်း၊ ညီညွတ်သောစကားရပ်ကို ပြည့်စုံသောဟု ပြင်ဆင်ပါသည်။

(၂၂) အပိုဒ် ၁၈ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၁၈ (က) ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများအား မတူညီသော နေ့ရက်အသီးသီးတွင် မှတ်ပုံတင်လျှောက်ထားခြင်းဖြစ်လျှင် လျှောက်ထားချက် အစောဆုံးတင်သွင်းသူကို မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ယင်းသို့လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုလျှောက်ထားလာခြင်းဖြစ်လျှင် ဦးစားပေးအခွင့် အရေးနေ့ အစောဆုံးပါရှိသူကိုသာလျှင် မှတ်ပုံတင်ခွင့်ပြုရမည်။

**မူကြမ်း**

(၂၃) အပိုဒ် ၁၉ ရှိ နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လျှောက်ထားချက်များကို တစ်နေ့တည်းတွင် လျှောက်ထားလာပါက စကားရပ်ကို တစ်ဦးထက်ပိုသူများက လျှောက်ထားလာပါက လျှောက်ထားချက်များကို တစ်နေ့တည်းတွင်ဟု ပြင်ဆင်ပါ သည်။

(၂၄) အပိုဒ် ၂၀ အပိုဒ်ခွဲ(က)ရှိ အခြားမှားယွင်းမှုများစကားရပ်၏ရှေ့တွင် ဤဥပဒေအရ ပြင်ဆင်ခွင့်ပြုနိုင်သည့်စကားရပ်ကို ဖြည့်စွက်ပါသည်။

(၂၅) အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)ကို ဒီဇိုင်းတစ်ခုထက်ပို၍ပါဝင်သော လျှောက်ထားချက်တွင် ဒီဇိုင်းအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေရုပ်သိမ်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၂၆) အပိုဒ် ၂၀ အပိုဒ်ခွဲ(ဃ)ကို ပုဒ်မခွဲ(ဂ)အရ လျှောက်ထားချက်အသစ်များ အဖြစ်တင်သွင်းရာတွင် မူလလျှောက်ထားသည့် နေ့ရက်ကို လျှောက်လွှာတင်သွင်းသည့် နေ့ရက်အဖြစ် မှတ်ယူရမည်ဟု ပြင်ဆင်ပါသည်။

(၂၇) အခန်း(၉) ခေါင်းစဉ် မှတ်ပုံတင် လုပ်ထုံးလုပ်နည်းကို မှတ်ပုံတင်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၂၁ အပိုဒ်ခွဲ(က) ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက အဆိုပါမှတ်ပုံတင်လျှောက်ထားခြင်းကို ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်ဟု ပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၂၁ အပိုဒ်ခွဲ(ခ)ကို ပုဒ်မ ၂၊ ပုဒ်မခွဲ(က)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ခြင်းမရှိသော ဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)ပါ အကာအကွယ်မရနိုင်သော ဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း၊ လျှောက်ထားချက်ကို ငြင်းပယ်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ)ရှိ ပုဒ်မ ၁၅၊ ၁၆ တို့နှင့် စကားရပ်ကို ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၆ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

(၃၁) အပိုဒ် ၂၁ အပိုဒ်ခွဲ(ဃ)ရှိ တောင်းဆိုချက်ပါရှိခဲ့လျှင် စကားရပ်ကို တောင်းဆိုလျှင်ဟုလည်းကောင်း၊ မတိုင်မီအထိစကားရပ်ကို မတိုင်မီဟုလည်းကောင်း ပြင်ဆင် ပါသည်။

(၃၂) အခန်း(၁၀)ခေါင်းစဉ် ကန့်ကွက်ချက်လုပ်ထုံးလုပ်နည်းကို ကန့်ကွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၃၃) အပိုဒ် ၂၃ ရှိ ကန့်ကွက်လွှာ တင်သွင်းလျှောက်ထားလာပါက စကားရပ်ကို ကန့်ကွက်လွှာကို လက်ခံရရှိပါကဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၂၄ ခြေဆင်းကို မှတ်ပုံတင်အရာရှိသည် ဒီဇိုင်းမှတ်ပုံတင်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ဟု ပြင်ဆင်ပါသည်။

(၃၅) အပိုဒ် ၂၄ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)ရှိ စက်မှုဒီဇိုင်းမှတ်ပုံတင် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ စကားရပ်ကို ပယ်ဖျက်ပါသည်။

(၃၆) အပိုဒ် ၂၄ အပိုဒ်ခွဲ(ဂ)ရှိ ခွင့်ပြုခြင်း စကားရပ်၏ ရှေ့တွင် မှတ်ပုံတင်ခြင်းကို စကားရပ်ကို ဖြည့်စွက်၍၊ ထို့အပြင် စကားရပ်၏ နောက်တွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကိုစကားရပ်ကို ဖြည့်စွက်ပါသည်။

(၃၇) အခန်း(၁၁) အပိုဒ် ၂၅ ရှိ လိုင်စင်ပေးခြင်း မှတ်တမ်းတင်ခ၊ ထုတ်ပြန် ကြေညာခတို့ဘအပါအဝင် လိုအပ်သော စက်မှုဒီဇိုင်းမှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် အခကြေးငွေများကို တာဝန်ခံဝန်ကြီးဌာနမှ သတ်မှတ်ရမည် စကားရပ်ကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း မှတ်တမ်းတင်ခ၊ ထုတ်ပြန်ကြေညာခ၊ မှတ်ပုံတင်လက်မှတ်မိတ္တူမှန်ထုတ်ပေးခ၊ မှတ်ပုံတင်ပါမှားယွင်းမှုများကို ပြင်ဆင်ခတို့အပါအဝင် ဤဥပဒေအရ ပေးဆောင်ရမည့် အခြားအခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ရမည်ဟု ပြင်ဆင်ပါသည်။

(၃၈) အပိုဒ် ၂၆ ရှိ ထုတ်ပေးခြင်း ပြုမည်မဟုတ် စကားရပ်ကို ထုတ်ပေးခြင်းမပြုရဟု ပြင်ဆင်ပါသည်။

(၃၉) အခန်း(၁၂) အပိုဒ် ၂၈ ရှိ တောင်းဆို စကားရပ်ကို လျှောက်ထားဟု ပြင်ဆင်ပါ သည်။

**မူကြမ်း**

(၄၀) အပိုဒ် ၂၉ ရှိ ဖြစ်သည့်တိုင်စကားရပ်ကို ဖြစ်သော်လည်းဟုလည်းကောင်း၊ တောင်းဆို စကားရပ်ကို လျှောက်ထားဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၄၁) အပိုဒ် ၃၀ ခေါင်းစဉ်ကို မှတ်ပုံတင်အရာရှိသည် ဒီဇိုင်းထုတ်ပြန်ကြေညာခြင်းကိုဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၃၀ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ်ခွဲ(ဂ)တို့ရှိ စက်မှုဒီဇိုင်းထုတ်ပြန် ကြေညာ ခြင်းကို စကားရပ်ကို ပယ်ဖျက်ပြီး၊ အပိုဒ်ခွဲ(ခ)ရှိ မည်သူမည်ဝါ စကားရပ်ကို မည်သူဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၃၁နှင့် အပိုဒ် ၃၂ တို့ရှိ ပဲရစ် စကားရပ်ကို ပါရီ ဟုလည်းကောင်း၊ ၆ လ စကားရပ်ကို ခြောက်လ ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၄၄) အခန်း(၁၄) ခေါင်းစဉ်ကို ဒီဇိုင်းမှတ်ပုံတင်သက်တမ်းနှင့် မှတ်ပုံတင်သက်တမ်းတိုး ခြင်းဟု ပြင်ဆင်ပါသည်။

(၄၅) အပိုဒ် ၃၄ ကို မှတ်ပုံတင်ခွင့်ပြုထားသော ဒီဇိုင်း၏ မှတ်ပုံတင်သက်တမ်းသည် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်မှစ၍ ငါးနှစ် ဖြစ်သည်။ တစ်ကြိမ် လျှင် ငါးနှစ်စီဖြင့် ၁၅ နှစ်အထိ သက်တမ်းတိုးနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၄၆) အပိုဒ် ၃၅ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၃၅။ မှတ်ပုံတင်ဒီဇိုင်းပိုင်ရှင်သည် မှတ်ပုံတင်ဒီဇိုင်း သက်တမ်းကာလကို တိုးမြှင့်လိုလျှင် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မှတ်ပုံတင် ဒီဇိုင်းသက်တမ်းကာလ ကုန်ဆုံးမည့် နေ့ရက် မတိုင်မီ ခြောက်လအတွင်း မှတ်ပုံတင်သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ် ထားသည့် အခကြေးငွေများကို ပေးသွင်း၍ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက်မှ လျှောက်ထားခြင်းဖြစ်ပါက မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်ရက်မှ ခြောက်လအတွင်းသာ အထူးအခွင့်အရေးအဖြစ် လျှောက်ထားခွင့်ရှိသည်။ ယင်းသို့

လျှောက်ထားသည့်အခါ သတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့် ရက်လွန်ကြေးများကို ပေးသွင်းရမည်။

(၄၇) အပိုဒ် ၃၆ ခေါင်းစဉ်ကို မှတ်ပုံတင်အရာရှိသည်ဟု ပြင်ဆင်ပါသည်။

(၄၈) အပိုဒ် ၃၆ အပိုဒ်ခွဲ(က)ရှိ ၆ လ အတွင်း ပေးသွင်းခြင်းမရှိပါက စကားရပ်ကို ခြောက်လ အတွင်း ဒီဇိုင်းပိုင်ရှင်က ပေးသွင်းခြင်း မရှိလျှင်ဟု ပြင်ဆင်ပါသည်။

(၄၉) အပိုဒ် ၃၆ အပိုဒ်ခွဲ(ခ)ကို ရပ်စဲသွားသည့် မှတ်ပုံတင်ဒီဇိုင်းကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ မှတ်ပုံတင်ခြင်းမှရပ်စဲကြောင်း ထုတ်ပြန်ကြေညာရမည်ဟု ပြင်ဆင်ပါသည်။

(၅၀) အပိုဒ် ၃၇ ကို ဒီဇိုင်းပိုင်ရှင်သည် ဒီဇိုင်းကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပြီးပါက ဤဥပဒေပါ မှတ်ပုံတင် ဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို အခန်း(၁၄)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒီဇိုင်းမှတ်ပုံတင်သက်တမ်းကာလအတွင်း ခံစားခွင့်ရှိ-သည်ဟု ပြင်ဆင်ပါသည်။

(၅၁) အပိုဒ် ၃၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)ရှိ ၎င်း၏ စကားရပ်ကို မိမိ၏ဟု ပြင်ဆင်ပါသည်။

(၅၂) အပိုဒ် ၃၈ အပိုဒ်ခွဲ(ခ)ရှိ အခွင့်အရေးများ စကားရပ်၏ရှေ့တွင် မူပိုင်ခွင့်ဆိုင်ရာ စကားရပ်ကို ဖြည့်စွက်ပါသည်။

(၅၃) အပိုဒ် ၃၉ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၃၉ (က) မှတ်ပုံတင်ဒီဇိုင်းတစ်ခု၏ ပိုင်ရှင်အသီးသီးသည် မှတ်ပုံတင်ဒီဇိုင်းနှင့် စပ်လျဉ်းသည့် မခွဲဝေရသေးသည့် ဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အညီအမျှ ခံစားခွင့် ရှိသည်။

(ခ) မှတ်ပုံတင် ဒီဇိုင်းပိုင်ရှင် အသီးသီးသည် မိမိ၏မခွဲဝေရသေးသည့် ဒီဇိုင်းမူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို အခြားသူတစ်ဦးဦးအား လွှဲပြောင်းခြင်း၊ ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ပေးခြင်းပြုနိုင်သည်။

(၅၄) အပိုဒ် ၃၉ အပိုဒ်ခွဲ(ဂ)ရှိ တစ်ဦးချင်းစီသည် စကားရပ်ကို အသီးသီးသည်ဟု လည်းကောင်း၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)ပါအတိုင်း စကားရပ်ကို တရားမ ကြောင်းဖြင့်ဟု ပြင်ဆင်ပါသည်။

(၅၅) အပိုဒ် ၃၉ အပိုဒ်ခွဲ(ဃ)ကို မှတ်ပုံတင်ဒီဇိုင်းပိုင်ရှင်ထံမှ အခွင့်အရေးများအား တရားဝင်ဆက်ခံရရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ)တို့တွင် ဖော်ပြထားသော အခွင့်အရေးများကို ခံစားခွင့်ရှိ သည်ဟုပြင်ဆင်ပါသည်။

(၅၆) အပိုဒ် ၄၀ ခြေဆင်းကို မှတ်ပုံတင်ဒီဇိုင်းပိုင်ရှင်သည် အောက်ပါကိစ္စ တစ်ရပ်ရပ် အတွက် မိမိ၏မှတ်ပုံတင်ဒီဇိုင်းအခွင့်အရေးများကို အသုံးမပြုရဟု ပြင်ဆင်ပါသည်။

(၅၇) အပိုဒ် ၄၀ အပိုဒ်ခွဲ(ဂ)ကို ရည်ညွှန်းကိုးကားရန် သို့မဟုတ် သင်ကြားရန် ပြန်လည် ထုတ်လုပ်ဆောင်ရွက်မှုများဟု ပြင်ဆင်ပါသည်။

(၅၈) အပိုဒ် ၄၁ ကို မှတ်ပုံတင်ဒီဇိုင်းပိုင်ရှင်သည် ရောင်းချခြင်း၊ ရောင်းချရန် ကမ်းလှမ်းခြင်း သို့မဟုတ် တင်သွင်းခြင်းတို့နှင့်စပ်လျဉ်း၍ ဈေးကွက်တွင် ရောက်ရှိနေသော ပစ္စည်း များအပေါ် မိမိ၏အခွင့်အရေးများကို အသုံးမပြုရဟု ပြင်ဆင်ပါသည်။

(၅၉) အပိုဒ် ၄၃ ကို မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင် ဒီဇိုင်းပိုင်ရှင်အသစ်နှင့် မူလ မှတ်ပုံတင် ဒီဇိုင်းပိုင်ရှင်တို့က ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်ပေးရန် တောင်းဆိုလာလျှင် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းစေပြီး မှတ်ပုံတင်ဒီဇိုင်း ပိုင်ဆိုင်မှုလွှဲပြောင်းကြောင်း မှတ်တမ်းတင်၍ ထုတ်ပြန်ကြေညာရမည်ဟု ပြင်ဆင်ပါ သည်။

(၆၀) အခန်း(၁၇) ခေါင်းစဉ်ကို မှတ်ပုံတင်ဒီဇိုင်းကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းဟု ပြင်ဆင်ပါသည်။

(၆၁) အပိုဒ် ၄၆၊ အပိုဒ် ၄၉ နှင့် အပိုဒ် ၅၀ ရှိ လိုင်စင်စကားရပ်ကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့် ဟု ပြင်ဆင်ပါသည်။

(၆၂) အပိုဒ် ၄၇ ရှိ လိုင်စင်ရရှိသူသည် လိုင်စင်မိတ္တူမှန် စကားရပ်ကို ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိသူတို့သည် ခွင့်ပြုချက် စာတမ်းအမှတ်အသား မိတ္တူမှန်ဟု ပြင်ဆင်ပါသည်။

(၆၃) အပိုဒ် ၄၈ ရှိ လိုင်စင်ပေးခြင်းစကားရပ်ကို ပုဒ်မ ၄၇ အရ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းဟု ပြင်ဆင်ပါသည်။

(၆၄) အခန်း(၁၈)ခေါင်းစဉ်ကို ဒီဇိုင်းမှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်းဟု ပြင်ဆင်ပါသည်။

(၆၅) အပိုဒ် ၅၁ ရှိ ပျက်ပြယ်စေရန်အတွက် စကားရပ်ကို ပယ်ဖျက်ပေးရန်ဟု ပြင်ဆင်ပါသည်။

(၆၆) အပိုဒ် ၅၂ အပိုဒ်ခွဲ(စ)ရှိ ပျက်ပြယ်စေခြင်း စကားရပ်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းဟု ပြင်ဆင်ပါသည်။

(၆၇) အပိုဒ် ၅၃ ခြေဆင်းရှိအောက်ပါအချက်တစ်ရပ်ရပ်အရ မှတ်ပုံတင်စက်မှုဒီဇိုင်းအား စကားရပ်ကို အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ပါက မှတ်ပုံတင်ဒီဇိုင်းကိုဟု ပြင်ဆင်ပါသည်။

(၆၈) အပိုဒ် ၅၃ အပိုဒ်ခွဲ(က)ရှိ ၆ လအတွင်း သက်တမ်းတိုးမြှင့်ပေးရန် အတွက် စကားရပ်ကို ခြောက်လအတွင်း သက်တမ်းတိုးဟု ပြင်ဆင်ပါသည်။

(၆၉) အပိုဒ် ၅၃ အပိုဒ်ခွဲ (ခ) ကို မှတ်ပုံတင်ဒီဇိုင်းပိုင်ရှင်က ပိုင်ရှင်အဖြစ်မှ စွန့်လွှတ်ခြင်းဟု ပြင်ဆင်ပါသည်။

(၇၀) အပိုဒ် ၅၄ ကို မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ဒီဇိုင်းကို ပယ်ဖျက်ကြောင်း မှတ်တမ်းတင်ပြီး ထိုသို့ပယ်ဖျက်ပြီးကြောင်းကို မှတ်ပုံတင်ဒီဇိုင်း ပိုင်ရှင်ထံ အကြောင်းကြားရမည့်အပြင် အများပြည်သူသိရှိစေရန် ထုတ်ပြန်ကြေညာရမည်ဟု ပြင်ဆင်ပါသည်။

(၇၁) အပိုဒ် ၅၅ကို အပြည်ပြည်ဆိုင်ရာ ဒီဇိုင်းမှတ်ပုံတင်စနစ် သဘောတူစာချုပ်သို့ မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက်ပြည်ပမှဖြစ်စေ၊ ပြည်တွင်းမှဖြစ်စေ ဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားလိုသူများသည် အပြည်ပြည်ဆိုင်ရာ မှတ်ပုံတင်စနစ်ကို

ကျင့်သုံးလိုပါက သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၇၂) အပိုဒ် ၅၆ အပိုဒ်ခွဲ(က)ရှိ ယင်းဆုံးဖြတ်ချက် ချမှတ်ကြောင်း စကားရပ်ကို ယင်းဆုံးဖြတ်ချက်အား ဟု ပြင်ဆင်ပါသည်။

(၇၃) အပိုဒ် ၅၇ ရှိ ချမှတ်ကြောင်း စကားရပ်ကို ပယ်ဖျက်ပြီး၊ အယူခံဝင်နိုင်သည် စကားရပ်ကိုလျှောက်ထားနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၇၄) အခန်း(၂၁) ခေါင်းစဉ်ကို အခန်း(၂၂)အဖြစ် ဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ တရားရုံး၏လုပ်ပိုင်ခွင့်များ ဟုပြင်ဆင်ပါသည်။

(၇၅) အခန်း(၂၁) အပိုဒ် ၅၈ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)ကို အပိုဒ် ၅၉ အပိုဒ်ခွဲ(ဂ) အပိုဒ်ခွဲငယ်(၂)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိအတွက် စကားရပ်ကို ပယ်ဖျက်ပါသည်။

(၇၆) အပိုဒ် ၅၉ ကို အပိုဒ် ၆၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ချမှတ်နိုင်သည်စကားရပ်ကို ချမှတ်ပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၇၇) အပိုဒ် ၆၀ ကို အပိုဒ် ၆၁အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဒီဇိုင်းအခွင့်အရေး ချိုးဖောက်ခံရသည်ဟု တမင်မမှန်မကန်တိုင်ကြားကြောင်း ပေါ်ပေါက်လျှင် ယင်းသို့ တိုင်ကြားခြင်းကြောင့် မှားယွင်းစွာ ဟန့်တားခံရသည့် တရားပြိုင်အား တိုင်တန်းသူက လျော်ကြေးပေးရမည့်အပြင် တရားပြိုင်၏ကျသင့်သော ရှေ့နေစရိတ်အပါအဝင် တရားစရိတ်နှင့်အခြားကုန်ကျစရိတ်များကို တိုင်ကြားသူအား ပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည် ဟု ပြင်ဆင်ပါသည်။

(၇၈) အပိုဒ် ၆၃ ကို အပိုဒ် ၆၄ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ စကားရပ်၏ရှေ့တွင် သက်သေခံအက်ဥပဒေ စကားရပ်ကို ဖြည့်စွက်ပါသည်။

(၇၉) အခန်း (၂၂) ကို အခန်း(၂၃) ဟု ပြင်ဆင်ပါသည်။

(၈၀) အပိုဒ် ၆၄ ကို အပိုဒ် ၆၅ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ရှိ ချမှတ်ရမည် စကားရပ်ကို ချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၈၁) အပိုဒ် ၆၄ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၆၅ အပိုဒ်ခွဲ (ခ) အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို မှတ်ပုံတင်စာရင်းတွင် မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း ဟု ပြင်ဆင်ပါသည်။

(၈၂) အခန်း(၂၁) တရားရုံးဖွဲ့စည်းခြင်းဟု အသစ်ဖြည့်စွက်၍ အခန်း(၂၃) အပိုဒ် ၆၆ ကို အပိုဒ် ၅၈ အဖြစ် ပြောင်းရွှေ့ပြင်ဆင်ပြီး အပိုဒ်ခွဲ(က)ရှိ ပြစ်မှုကြောင်းနှင့် တရားမကြောင်းနှစ်ရပ်လုံးအရဖြစ်စေ စကားရပ်ကို ပယ်ဖျက်ပါသည်။

(၈၃) အခန်း(၂၃)ကို အခန်း(၂၄)အဖြစ် ပြင်ဆင်ပြီး အပိုဒ် ၇၀ ရှိ ချမှတ်ရမည် စကားရပ်ကို ချမှတ်နိုင်သည်ဟု ပြင်ဆင်ပါသည်။

(၈၄) အပိုဒ် ၇၁ ကို ဤဥပဒေပါ ဒီဇိုင်းအခွင့်အရေးကို ထိပါးချိုးဖောက်မှုများသည် အစိုးရဌာနနှင့် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ရပ်ရပ်က စီးပွားရေးအလို့ငှာ မဟုတ်ဘဲ နိုင်ငံတော်၏အရေးပေါ်အခြေအနေနှင့် အများပြည်သူ ဘေးအန္တရာယ်ကိစ္စများတွင် မှတ်ပုံတင်ထားသော ဒီဇိုင်းပါရှိသည့် ကုန်ပစ္စည်းတစ်ခုခုကို အများပြည်သူအကျိုးငှာ အသုံးပြုခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရဟုပြင်ဆင်ပါသည်။

(၈၅) အပိုဒ် ၇၂ ကို ဒီဇိုင်းအငြင်းပွားသူ ပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို နှစ်ဦးနှစ်ဖက် ချစ်ကြည်စွာ ညှိနှိုင်းဖြေရှင်းခြင်းဖြင့်ဖြစ်စေ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဖြင့်ဖြစ်စေ၊ တရားစွဲဆိုခြင်းဖြင့်ဖြစ်စေ ဖြေရှင်းနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၈၆) အပိုဒ် ၇၃ ကို ဒီဇိုင်းအခွင့်အရေး ထိပါးချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ နစ်နာသူ မည်သူမဆို တရားမကြောင်းအရ အရေးယူပေးရန် တရားရုံးသို့ လျှောက်ထားနိုင်သည်ဟု ပြင်ဆင်ပါသည်။

(၈၇) အပိုဒ် ၇၄ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၇၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

**မူကြမ်း**

(ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်နိုင်သည်။

(ဂ) တာဝန်ခံဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

၅။ သို့ဖြစ်ပါ၍ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တင်သွင်းသည့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၅-၇-၂၀၁၅ ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘဏ္ဍာရေးဝန်ကြီးဌာနကတင်သွင်းသော ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၂)ရက်မြောက်နေ့ဖြစ်သော

၆-၇-၂၀၁၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်ဆွေးနွေးလိုတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၈-၇-၂၀၁၅ ရက်နေ့ နောက်ဆုံးထားပြီး အမည် စာရင်းပေးရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမှမရှိပါ။ ဒါကြောင့် ပင်စင်အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း ပြီး ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ တင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ** ။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ပင်စင်အက်ဥပဒေကိုရုပ်သိမ်းသည့် ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာ တင်ပြချက် အတိုင်း ပြင်ဆင်ချက်မရှိ အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။( သြဘာသံများ )

**ပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် မော်တော်ယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော မော်တော်ယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားတဲ့ ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုရန် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများ ဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံး ပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲအစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်း ချက်အတိုင်း အတည်ပြုနိုင်ရေးတင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများအတွက် ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနှင့် သာပေါင်း မဲဆန္ဒနယ်မှ ဦးဝင်းသန်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့

သဘောဆန္ဒရယူဆုံးဖြတ်အတည်ပြုသွားမှာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မော်တော်ယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ၅၉ ချက်ကို ဥပဒေကြမ်းကော်မတီက တင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မော်တော်ယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက် ၅၉ ချက်မှာ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁ အမှတ်စဉ် ၁ မှ ၃ အထိ ဥပဒေခေါင်းစီး၊ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ဈ)၊ စာမျက်နှာ ၂ အမှတ်စဉ် ၅ မှ ၈ အထိ အသစ်ဖြည့်စွက်ချက်အပိုဒ် ၂ အပိုဒ်ခွဲ(ဃ) အပိုဒ် ၂ အပိုဒ်ခွဲ(တ)၊ အပိုဒ်ခွဲ(ထ)၊ အပိုဒ်ခွဲ(ပ)၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၃ အမှတ်စဉ် ၉၊ ၁၀ နှင့် ၁၂ အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၁၅ နှင့် အပိုဒ် ၁၂၊ စာမျက်နှာ ၄ နှင့် ၅ အမှတ်စဉ် ၁၃၊ ၁၆ မှ ၁၈ အထိ အပိုဒ် ၁၃၊ အပိုဒ် ၁၈ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)၊ အခန်း(၅)ခေါင်းစဉ်၊ စာမျက်နှာ ၆ အမှတ်စဉ် ၁၉ မှ ၂၁ အထိ အပိုဒ် ၂၂ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၅၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(က)၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၃ နှင့် ၂၄ အပိုဒ် ၃၇၊ အပိုဒ် ၃၈ အပိုဒ်ခွဲ(ခ)၊ စာမျက်နှာ ၈ အမှတ်စဉ် ၂၇ မှ ၂၉ အထိ အပိုဒ် ၃၉ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၄၁ ခြေဆင်း၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၉ အမှတ်စဉ် ၃၀၊ ၃၁ နှင့် ၄၄ အပိုဒ် ၄၁ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၄၂၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၄၄ ကို ပယ်ဖျက်ခြင်း၊ စာမျက်နှာ ၁၀ အမှတ်စဉ် ၃၅ မှ ၃၈ အထိ အပိုဒ် ၄၄ အပိုဒ်ခွဲ(င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဇ)၊ အပိုဒ်ခွဲ(ဈ)၊ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၁၁ အမှတ်စဉ် ၄၀ မှ ၄၂ အထိ အပိုဒ် ၄၄ အပိုဒ်ခွဲ(ဍ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၄ အပိုဒ်ခွဲ(ဏ)၊ အပိုဒ် ၄၅၊ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၁၂ အမှတ်စဉ် ၄၃ မှ ၄၇ အထိ အပိုဒ် ၄၇ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄၇ အပိုဒ်ခွဲ(ခ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅၀ အပိုဒ်ခွဲ(က)ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၄၉ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၅၀၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၃ အမှတ်စဉ် ၄၈၊ ၄၉၊ ၅၁ မှ ၅၃ အထိ အပိုဒ် ၅၄ အပိုဒ်ခွဲ(ခ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၅၄ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၅၅ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၅၇ ကို ပယ်ဖျက်ခြင်း၊ ကန့်လန့်ဖြတ်ဇယားစာမျက်နှာ ၁၄ အမှတ်စဉ် ၅၄ မှ ၅၇ အထိ အပိုဒ် ၅၉ အပိုဒ်ခွဲ(က)၊ အသစ်ဖြည့်စွက်ချက်အပိုဒ် ၅၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅၉ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၆၀၊ စာမျက်နှာ ၁၅ အမှတ်စဉ် ၅၈ မှ ၆၂ အထိ အပိုဒ် ၆၂၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၆ ကိုပယ်ဖျက်ခြင်း၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၆၈ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၆၅၊ အပိုဒ် ၆၇ အပိုဒ်ခွဲ(ဂ)၊ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၆ အမှတ်စဉ် ၆၃၊ ၆၄ နှင့် ၆၆ အပိုဒ် ၇၀ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊

အပိုဒ် ၇၅ ခေါင်းစဉ်၊ စာမျက်နှာ ၁၇ အမှတ်စဉ် ၆၈ မှ ၇၂ အထိ အပိုဒ် ၇၅ အပိုဒ်ခွဲ(န)၊ အပိုဒ်ခွဲ(ဋ)၊ အပိုဒ်ခွဲ(အ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၈၂ ကို ပယ်ဖျက်ခြင်း၊ အပိုဒ် ၈၁ တို့ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် (၅၉)ချက်ကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မော်တော်ယာဉ်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်(၅၉)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မော်တော်ယာဉ် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၅၉)ချက်ကို ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များ အတိုင်း ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မော်တော်ယာဉ်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ပြင်ဆင်ချက်(၁၃)ချက်ကို တင်သွင်းဆွေးနွေးဖို့ဖြစ်ပါတယ်။ ဦးဝင်းသန်း စတင်တင်သွင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထား သည့်ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမော်တော်ယာဉ်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ အချက်(၁၃)ချက် ပြင်ဆင်ချက် ကျွန်တော်တင်သွင်းထားရာမှာ ကျန်တဲ့အပိုဒ်များကို တော့ အတိုဆုံးချုပ်၍ တင်ပြပါမယ်။ တစ်ခုလုံးကို ခြုံငုံတင်ပြရရင် ကျွန်တော်တို့ဥပဒေရဲ့ကျောရိုးမှာ ရည်ညွှန်းထားတဲ့ အကျိုးကျေးဇူးဟာ ပြည်သူအတွက် ဝန်ဆောင်မှု ပြည်သူ့ရဲ့အခွင့်အရေးအတွက် ဖြစ်မယ်ဆိုရင် ထိုဥပဒေမှာပါဝင်ပတ်သက်ရမယ့် ဝန်ကြီးဌာနနဲ့အဖွဲ့အစည်းများရဲ့ လုပ်ပိုင်ခွင့်ကို အတတ်နိုင်ဆုံး လျှော့ချရပါတယ် သို့မဟုတ် အခု မော်တော်ယာဉ်ဥပဒေကြမ်းလို ဥပဒေမျိုးကတော့ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်နဲ့ အန္တရာယ်ကင်းရှင်းရေးဖြစ်တဲ့အတွက် ဒီလိုဥပဒေရဲ့ရည်ညွှန်းချက် ကျောရိုးရှိတဲ့ကိစ္စမျိုးမှာတော့ သက်ဆိုင်ရာဆောင်ရွက်ရမယ့် ဝန်ကြီးဌာနနဲ့အဖွဲ့အစည်းရဲ့ လုပ်ပိုင်ခွင့်

ကိုပိုပြီးတော့ ပေးရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့တင်ပြချက် (၁၃)ချက်စလုံးဟာ အန္တရာယ်ကင်းရှင်းရေးအတွက် ဝန်ကြီးဌာနနဲ့ဆောင်ရွက်ရမယ့် အဖွဲ့အစည်းတွေရဲ့ လုပ်ပိုင်ခွင့်ကို ပိုပေးဖို့ ပြည့်စုံစေရန် ပြင်ဆင်တင်ပြချက်များဖြစ်ပါကြောင်း ကြိုတင်၍ လေးစားစွာ အစီရင်ခံအပ်ပါတယ်။ ပထမဦးစွာတင်သွင်းမယ့်အချက်ကတော့ စာမျက်နှာ ၁ အမှတ်စဉ် ၄ ကန့်လန့်ဖြတ်ဇယား အမှတ်စဉ် ၄ အပိုဒ် ၂ အပိုဒ်ခွဲ(ဌ) ဖြစ်ပါတယ်။ မူရင်းအဓိပ္ပာယ်ဖွင့်ဆိုချက်ကတော့ မော်တော်ယာဉ် အစိတ်အပိုင်းဖြစ်ပါတယ်။ ကျွန်တော်လေ့လာကြည့်တဲ့အခါမှာ မော်တော်ယာဉ်ရဲ့စတီရာရင် မြန်မာလိုတော့ ဒီမှာ ထည့်ထားတာ မောင်းနှင်တံအထိုင်စနစ်က လက်ဝဲမှာထိုင်ရမှာလား၊ လက်ယာမှာထိုင်ရမှာလား၊ ထိုင်ပြီးသား စက်ရုံထုတ်တင်သွင်းလာတဲ့အခါမှာ ဒါကိုကြိုတင်ခွင့်ပြုချက်မရဘဲနဲ့ ပြင်ဆင်ခဲ့ရင် အန္တရာယ်အလွန်ကြီးတဲ့ကိစ္စဖြစ်တယ်ဆိုတာ သွားတွေ့ရပါတယ်။ ဌာနနဲ့လည်း ညှိနှိုင်းတဲ့အခါမှာ အင်ဂျင်နီယာဌာနက ဒီလိုပဲလက်ခံပါတယ်။ ထို့အတူ တချို့သောကိစ္စတွေဟာ နောက်လာမယ့်အခန်းတွေမှာ ပြင်ဆင်ချက်ကို တင်သွင်းသော်လည်းပဲ ဌာနက ယာဉ်စစ်ဆေးပြီး ငြင်းပယ်နိုင်တယ်ဆိုတာ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီလို အဓိကအရေးကြီးတဲ့အစိတ်အပိုင်းတစ်ခု ကျန်ရှိခဲ့တဲ့အတွက် ဖြည့်စွက်တင်ပြရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အပိုဒ် ၂ အပိုဒ်ခွဲ(ဌ) မော်တော်ယာဉ်၏အဓိက အစိတ်အပိုင်းဆိုသည်မှာ မော်တော်ယာဉ်၏ ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ အင်ဂျင်နီယာ၊ ဂီယာ၊ ဘောင်၊ ဝင်ရိုးဆိုသောနေရာတွင် မောင်းနှင်တံအထိုင်စနစ်ကို ဆိုသည်ဟု ဖြည့်စွက်တင်သွင်းခြင်းအား ပြည်သူ့လွှတ်တော်က အတည်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။ ကန့်ကွက်ရန်ရှိပါသလား။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ပြီးခဲ့တဲ့ ၁၀ ရက်နေ့က သက်ဆိုင်တဲ့ကော်မတီများရယ်၊ ပြင်ဆင်ချက်အဆိုတင်သွင်းခဲ့တဲ့ လွှတ်တော်ကိုယ်စားလှယ်တို့နှင့် ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ ယခုတင်ပြချက်ကို ဝန်ကြီးဌာနအနေနဲ့ သဘောတူကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်းရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းသန်းရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးဝင်းသန်းမှ အစဉ်လိုက်တင်ပြဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၃ အမှတ်စဉ် ၁၁ ပုဒ်မ ၁၄ မူရင်းကတော့ ပုဒ်မ ၁၂ ဖြစ်ပါတယ်။ ဒီအပိုဒ်ကတော့ ပြင်ဆင်ပြောင်းလဲတဲ့ကိစ္စတွေကို လျှောက်ထားတဲ့နေရာမှာ သက်ဆိုင်ရာ အရာရှိအနေနဲ့ စိစစ်ပြီးတော့ ယာဉ်စစ်ဆေးပြီးတော့ စိစစ်ခွင့်ပြုရတာရှိပါတယ်။ ယာဉ်စစ်ဆေးရန် မလိုဘဲ စစ်ဆေးခွင့်ပြုရတာရှိပါတယ်။ ဒါကြောင့်မို့လို့ မူရင်းအပိုဒ်ရဲ့ အနှစ်သာရကို မပြောင်းလဲစေဘဲနဲ့ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)အဖြစ် ယာဉ်စစ်ဆေးရန်မလိုသော တင်ပြချက်နှင့် ယာဉ်စစ်ဆေးရန် လိုသောတင်ပြချက်ဆိုပြီးတော့ ခွဲခြားပြီးတော့ အဆိုပြုထားခြင်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနကလည်း ဦးဝင်းသန်းရဲ့ ပြင်ဆင်အဆိုပြုချက်ကို သဘောတူကြောင်းတင်ပြထားပါတယ်။ ဦးဝင်းသန်းရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းသန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၄ အမှတ်စဉ် ၁၄။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၄ အမှတ်စဉ် ၁၄ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း အများပြည်သူ အန္တရာယ်ကင်းဖို့ပြဋ္ဌာန်းချက်မှာ ထိခိုက်စေနိုင်သော ချို့ယွင်းချက်များစိစစ်တွေ့ရှိလို့ရှိရင် အရေးယူဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ထိခိုက်စေတဲ့ ချို့ယွင်းချက်ဟာ အများကြီးတွေ့စရာမလိုဘဲနဲ့ တစ်ခုခုတွေ့ရင်ကို အရေးယူဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေရေးထုံးအရ ပိုပြီးတော့ တိကျစေဖို့အတွက် အပိုဒ် ၁၇ ပုဒ်မခွဲ(က)ကို မော်တော်ယာဉ်တွင် အများပြည်သူအန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ထိခိုက်စေနိုင်သော ချို့ယွင်းချက်တစ်ခုခုကို စစ်ဆေးတွေ့ရှိခြင်းဟု ဖြည့်စွက်တင်ပြခြင်းအား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက ကန့်ကွက်ရန်ရှိပါသလား။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးဝင်းသန်းရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းသန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄ အမှတ်စဉ် ၁၅ ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ချက်အပိုဒ် ပုဒ်မ ၁၇ မှာ ဖြည့်စွက်ချက် အပိုဒ်သစ် အပိုဒ်ခွဲ(င) ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်က မော်တော်ယာဉ်သည် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်လာခြင်းဖြစ်ပါတယ်။ ဒီကိစ္စကတော့ နိုင်ငံတကာ လုပ်ထုံးတွေနဲ့လည်း ပိုမိုပြီးတော့ ခေတ်မီတိုးတက်လာအောင် ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်သလို ကျွန်တော်တို့နိုင်ငံမှာလည်း ပြည်ထဲရေး လုပ်ထုံးလုပ်နည်းတွေမှာ အမှုအခင်းတွေနဲ့ပတ်သက်လို့ရှိရင် ပြည်သူရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အရေးကြီးတယ်ဆိုတာ ဒီနေ့လက်တွေ့ကျင့်သုံးနေတဲ့ ပြည်ထဲရေးလုပ်ထုံးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကညနမှာ ယာဉ်လာစစ်တုန်းကတော့ ပုံစံတစ်မျိုး တကယ့်လမ်းပေါ်ရောက်သွားတဲ့အချိန်မှာ ဖြစ်နေတဲ့ ပတ်ဝန်းကျင်ကို ကြီးကြီးမားမားထိခိုက်နိုင်မှုအန္တရာယ်ရှိနေတာကို ပြည်သူတွေပူးပေါင်းဆောင်ရွက်တဲ့ တိုင်ကြားမှုကသာလျှင် ထိရောက်စွာအရေးယူနိုင်မှာဖြစ်တဲ့အတွက် ဒီအလေ့အကျင့်ကို ဥပဒေကပါ ပြဋ္ဌာန်းပြီးတော့ ရရှိစေဖို့အတွက် တင်သွင်းခြင်းဖြစ်ပါတယ်။ သို့ပါ၍ ကျွန်တော်၏ ပြင်ဆင်တင်သွင်းချက် အသစ်ဖြည့်စွက်သည့်အပိုဒ်အား လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဝန်ကြီးဌာနက သဘောတူပါသလား။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဦးဝင်းသန်း အဆိုပြုတင်ပြတဲ့ အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းသန်းရဲ့ အဆိုပြုတင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ စာမျက်နှာ ၇ အမှတ်စဉ် ၂၂။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာ ၇ အမှတ်စဉ် ၂၂ အပိုဒ် ၃၄ ဖြစ်ပါတယ်။ မူရင်းအပိုဒ်ကတော့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်း

ရေးနှင့်ပတ်သက်ရင် မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့် ပတ်သက်ရင် စည်းကမ်းချက်နှင့်စံချိန်စံညွှန်းတွေကို ဦးစီးဌာန(ကညန)က ထုတ်ပြန်ပေးဖို့ဖြစ်ပါတယ်။ ကျွန်တော်အသစ်ထပ်ဖြည့်တဲ့ တစ်ကြောင်းကတော့ ဒီလို ထုတ်ပြန်တဲ့နေရာမှာ မော်တော်ယာဉ် တင်သွင်းခြင်းဆိုတဲ့ကိစ္စကိုပါ ထည့်သွင်းခြင်းဖြစ်ပါတယ်။ အတိတ်ကအတွေ့အကြုံနှင့် လက်ရှိဆောင် ရွက်နေတဲ့ အတွေ့အကြုံတွေအရ ဥပမာအားဖြင့် ကျွန်တော်တို့က လက်ယာကပ်မောင်းဖြစ်ပေမယ့်လို့ ဘတ်စ်ကားတွေမှာ လက်ဝဲဘက်ကဆင်းတဲ့ မူလတံခါးပေါက်နှင့်တင်သွင်းလာပြီးတော့ အန္တရာယ်ကင်း စေဖို့ ပြန်ပြင်ခိုင်းတဲ့အခါမှာ ဒီကားကို ပြည်ပပြန်ပို့လို့မရတော့ပါဘူး။ ဒါကြောင့်မို့လို့ ယာဉ်အစီးရေ ရာထောင်ချီပြီးတော့ ညာဘက်ကနေ အပေါက်တွေပြန်ဖောက်တဲ့အခါမှာ ယာဉ်ရဲ့ကြံ့ခိုင်ရေးက အင်မတန်အားနည်းသွားတာကိုလည်း ကျွန်တော်တို့ ထင်ထင်ရှားရှားတွေ့မြင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မော်တော်ယာဉ်တင်သွင်းတဲ့ တင်သွင်းခွင့်ပြုတဲ့ ကုန်သွယ်ရေးပါမစ်ကို ဆောင်ရွက်တဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနဘက်ကို ရထားပို့ဆောင်ရေးဝန်ကြီးဌာနဘက်က ဒါသွားလွှမ်းမိုးဖို့ဆိုတဲ့ အဓိပ္ပာယ်လည်းမဟုတ်ပါဘူး။ သက်ဆိုင်ရာ နောက်အပိုဒ်တွေမှာလည်း ပါပါတယ်။ ပူးပေါင်းဆောင် ရွက်ခြင်းနှင့် အကြံပြုတင်ပြခြင်းဆိုတဲ့ အပိုဒ်တွေမှာ ဒါလုံလောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ဦးစီးဌာနသည် မော်တော်ယာဉ်တင်သွင်းခြင်း၊ မော်တော်ယာဉ်ထုတ်လုပ်ခြင်း၊ မော်တော်ယာဉ် တည်ဆောက်တပ်ဆင်ခြင်း၊ မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဘေးအန္တရာယ် ကင်းရှင်းမှုဆိုင်ရာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ရမည်ဆိုတဲ့ ဖြည့်စွက်တင်ပြခြင်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက သဘောတူပါသလား။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်း တင်သွင်းတဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက် ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ် ဇယား စာမျက်နှာ ၇ အမှတ်စဉ် ၂၅ ဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ အသစ်ဖြည့်စွက်

ရတဲ့ အကြောင်းအရင်းကတော့ ဒီဥပဒေရဲ့ မူလပြဋ္ဌာန်းချက်နဲ့ ခုနကတုန်းက လွှတ်တော်က အတည်ပြု ပေးတဲ့ ဥပဒေကြမ်းကော်မတီရဲ့ တင်ပြချက်များမှာလည်း ပါပါတယ်။ အဓိကကတော့ ပူးပေါင်း ဆောင်ရွက်မှုအပိုင်းဖြစ်ပါတယ်။ လက်ရှိ ပူးပေါင်းဆောင်ရွက်တဲ့အနေအထားမှာ ကညနအနေနဲ့ ကျန်တဲ့ ဌာနနှင့်အဖွဲ့အစည်းများ ဥပမာအားဖြင့် ကျောင်းတွေနဲ့ အခြေခံပညာကျောင်းတွေကနေစ သွားရောက်ပြီးတော့ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ပညာပေးဟောပြောပွဲတွေ၊ ပညာပေးသင်တန်းတွေ ဆောင်ရွက်နေတာရှိပါတယ်။ ဒါက သီးသန့်ဖွဲ့စည်းထားတာမဟုတ်ဘဲနဲ့ ကျွန်တော်တို့ အစီအစဉ်ပေါ်လာတဲ့အခါမှ သွားပြီးတော့ ဆောင်ရွက်သလိုမျိုးဖြစ်နေပါတယ်။ တကယ်တမ်း ကျွန်တော်တို့ နိုင်ငံတိုးတက်လာလို့ အခုလို လမ်းအသစ်တွေဖောက်မယ်။ ခုံးကျော် တံတားတွေဆောက်တာကအစ အန္တရာယ်ကင်းရှင်းဖို့အတွက် ပညာရပ်ဆိုင်ရာ ဌာနဆိုတာကို သေသေ ချာချာကို ကျွန်တော်တို့ ဘတ်ဂျက်နဲ့ အင်အားဖြည့်တင်းပြီးတော့ Professional ဆန်ဆန်ဆောင်ရွက် ထားရမှာဖြစ်ပါတယ်။ ဒီလိုအပ်ချက်ကို စနစ်တကျဆောင်ရွက်နိုင်ဖို့အတွက် ထည့်သွင်းထားခြင်းဖြစ် ပါတယ်။ သို့ပါ၍ အပိုဒ်အသစ် ၃၈ ဖြည့်စွက်ခြင်း အပိုဒ်ခွဲ(ဂ) ကော်မတီအသီးသီးတွင် ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်ရန် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများကို သီးသန့်ဖွဲ့စည်း၍ အင်အားဖြည့်တင်းခန့်ထားပေးခြင်းဆောင်ရွက်ရမည်ဟူသော ပြဋ္ဌာန်းချက်အား လွှတ်တော်မှ အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက သဘောတူပါသလား။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနကလည်း သဘောတူပါတယ်။ ဒါကြောင့် လွှတ်တော်က ဦးဝင်းသန်းရဲ့ အဆိုပြုတင်ပြချက်အား ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းသန်းရဲ့ အဆိုပြုတင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်တစ်ပိုဒ်ကတော့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၇ အမှတ်စဉ် ၂၆ ဖြစ်ပါတယ်။ ဒီ အမှတ်စဉ် ၂၆ ကို မတင်ပြမီမှာ အမှတ်စဉ် ၂၆ ထည့်သွင်းရတဲ့အကြောင်းအရင်းကို ရည်ညွှန်းတဲ့ စာပိုဒ်ကိုသွား ရောက်၍ ကြည့်ရှုစေလိုပါတယ်။ ကျေးဇူးပြု၍ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၀ အမှတ်စဉ် ၃၈ ကို ကြည့်စေလိုပါတယ်ခင်ဗျား။ စာမျက်နှာ ၁၀ အမှတ်စဉ် ၃၈ မှာ ခုနက လွှတ်တော်က အတည်ပြု ပေးတဲ့

အပိုဒ်ခွဲ(ဈ) ရှိပါတယ်ခင်ဗျား။ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဆိုပြီးတော့ လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ တကယ်တော့ လက်တွေ့မှာ အဲဒီလို ပူးပေါင်းဆောင်ရွက်တဲ့ နေရာမှာ ဝန်ကြီးဌာနက ကျန်တဲ့အဖွဲ့အစည်းတွေကို သွားရောက်ပြီး ပူးပေါင်းဆောင်ရွက်ရမှာလား၊ ကျန်တဲ့ အဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်ချက်မှာ သွားရောက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ရမှာလားဆိုတဲ့ လုပ်ထုံးလုပ်နည်းတွေက အများကြီး နောက်ထပ်ပြန့်ပွားသွားဖို့ရှိပါတယ်။ လက်တွေ့မှာတော့ အခြား အဖွဲ့အစည်းများက ဘယ်အစီအစဉ်နဲ့ ဘယ်အချိန်မှာ ဘာလုပ်မယ်ဆိုတာ သူတို့ကို ပူးပေါင်းဆောင်ရွက်မှုအကြောင်းမကြားလို့ရှိရင် သက်ဆိုင်ရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ကညနဦးစီးဌာနက သိရှိနိုင်ဖို့ မလွယ်ကူနိုင်ပါဘူး။ လက်တွေ့မှာလည်း အဲဒီလိုမျိုး ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ ဆောင်ရွက်တဲ့အတွက် လမ်းစစ်ဆေးရေးအမှတ်အသားတွေ၊ လမ်းဒီဇိုင်းတွေမှာ လိုအပ်ချက်ရှိနေတာ ပြည်သူအားလုံးလည်း အသိဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ နမူနာယူရမယ့် လုပ်ထုံးလုပ်နည်းက ပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် ဥပမာအားဖြင့် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနဆိုရင် သူ့ရဲ့အကြံပြုချက်ကို ပေးနိုင်သလို အကြံပြုချက်ကို တောင်းသည်ဖြစ်စေ၊ မတောင်းသည်ဖြစ်စေ သူ့ရဲ့သုံးသပ်ချက်တွေက ထုတ်ပြန်ပေးနိုင်တာဖြစ်ပါတယ်။ ဒီအခွင့်အရေးက ပြည်သူတွေအန္တရာယ်ကင်းရှင်းဖို့အတွက် သက်ဆိုင်ရာ ထုတ်ပြန်ရမယ့် ဝန်ကြီးဌာနမှာ လုပ်ပိုင်ခွင့်ရှိဖို့ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်အသစ်ဖြည့်စွက်တဲ့အပိုဒ်ကတော့ ပုဒ်မ ၃၈ အသစ်ဖြည့်စွက်ခြင်း အပိုဒ်ခွဲ(ဃ) အများပြည်သူဆိုင်ရာနေရာတွင်ဆောင်ရွက်သည့် တည်ဆောက်မှုလုပ်ငန်း အပေါ် ကြိုတင်ပြင်ဆင်ဆဲကာလတွင်ဖြစ်စေ၊ ဆောက်လုပ်ဆဲကာလတွင်ဖြစ်စေ၊ အသုံးပြုနေသည့် ကာလတွင်ဖြစ်စေ ကာလသုံးခုစလုံးကို ရည်ညွှန်းပါတယ်ခင်ဗျား။ အသုံးပြုနေသည့်ကာလကိုဖြစ်စေ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်များနှင့် သုံးသပ်ချက်များ ထုတ်ပြန်နိုင်သည်ဟူသော အသစ်အဆိုပြုချက်အား လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက သဘောတူပါသလား။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်းရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းသန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၉ ကျွန်တော်ရဲ့ (၈)ခုမြောက်ပြင်ဆင်ချက်ဖြစ်ပါတယ်။ အမှတ်စဉ် ၃၂ ဖြစ်ပါတယ်။ ပုဒ်မ ၄၃ မူလကတော့ ဝန်ကြီးဌာနသည် မည်သည့်မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် အခငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်ဆိုတာ လက်ရှိလည်းလုပ်နေတဲ့ ဥပဒေလုပ်ထုံးလုပ်နည်းဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံတကာအကြီးအကဲတွေက Summit တွေ၊ ထိပ်သီးအစည်းအဝေးတွေမှာ သူတို့ရဲ့ မော်တော်ယာဉ်ကိုယူလာရင်လည်း ဒါကိုကျင့်သုံးပါတယ်။ သာသနာရေးနဲ့ပတ်သက်ရင် ကျင့်သုံးပါတယ်။ နာရေးယာဉ်တွေနဲ့ပတ်သက်ရင်ကျင့်သုံးပါတယ်။ ဒါပေမဲ့ ဒီလိုကျင့်သုံးတဲ့ဟာမှာ ပြည်သူရဲ့ ပွင့်လင်းမြင်သာမှုကိုအပိုင်းကို ကျွန်တော်တို့ကြည့်လို့ရှိရင် အမိန့်ကြော်ငြာစာထုတ်ပြီးတော့ ဒီလိုကျင့်သုံးတာဟာ ပိုပြီးတော့ ကောင်းမွန်ပါတယ်။ အခုအချိန်မှာတော့ ဝန်ကြီးဌာနရဲ့ ဝန်ကြီးရုံးအစည်းအဝေးများနှင့် မှတ်တမ်းများလည်း ထုတ်ပြီးတော့ လုပ်နေပါတယ်။ လုပ်နေဆဲ လုပ်ထုံးလုပ်နည်းလည်းဖြစ်ပါတယ်။ အသစ်မဟုတ်ပါဘူး။ ဒါကို ဥပဒေမှာ တိတိကျကျ ထည့်သွင်းဖို့ ကျန်ခဲ့တဲ့အတွက် ဖြည့်သွင်းရခြင်းဖြစ်ပါတယ်။ သို့ပါ၍ အပိုဒ် ၄၃ ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာထုတ်ပြန်၍ မည်သည့်မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် အခကြေးငွေပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်ဟူသော ပြင်ဆင်ဖြည့်စွက်ချက်အပိုဒ်အား အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက သဘောတူပါသလား။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းသန်းရဲ့ အဆိုပြုတင်ပြချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းသန်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၉)မှာပဲဖြစ်ပါတယ်။ နောက်ဆုံးအပိုဒ် ၃၄ ဖြစ်ပါတယ်။ ပုဒ်မ ၄၄ ၊ အပိုဒ်ခွဲ(ဃ) ကို

အသစ်ပြင်ဆင်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ အနှစ်သာရအားဖြင့် မပြောင်းလဲပါဘူး။ သို့ရာတွင် ကျွန်တော်တို့မြန်မာနိုင်ငံမှာ မြန်မာနိုင်ငံအတွင်းကို ခေတ္တဖြတ်သန်းသွားတဲ့ယာဉ်ရှိသလို ပုံမှန်အားဖြင့် ကျွန်တော်တို့ အခုအာရှလမ်းမ၊ အာဆီယံလမ်းမတွေဆောင်ရွက်လာတဲ့အခါမှာ ပုံမှန်ဘတ်စ်ကားလိုင်းတို့၊ ပုံမှန်ကုန်စည်ပို့ဆောင်တဲ့လိုင်းတို့ဆိုတာ မလွဲမသွေရှိလာတော့မှာ ဖြစ်ပါတယ်။ ဥပဒေက ဒါကိုခြုံငုံမိစေဖို့အတွက် ခေတ္တ သို့မဟုတ် ပုံမှန်ဆိုပြီးတော့ ဖြည့်သွင်းသွားတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပြည်ပမှတ်ပုံတင်ယာဉ်ကို ကျွန်တော်တို့ဆီကိုဝင်လာတဲ့အပိုင်းနဲ့ ကျွန်တော်တို့ မှတ်ပုံတင်ယာဉ်ပြည်ပကို ထွက်ခွာတဲ့အပိုင်းကိုလည်း တိတိကျကျပြန်ပြီးတော့ စာစီပေးတဲ့သဘောဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အပိုဒ် ၄၄ ၊ အပိုဒ်ခွဲ(ဃ) မြန်မာနိုင်ငံအတွင်း ခေတ္တ သို့မဟုတ် ပုံမှန်ဖြတ်သန်းသွားလာမည့် ပြည်ပမှတ်ပုံတင်မော်တော်ယာဉ်ကိုဖြစ်စေ၊ ပြည်ပသို့ခေတ္တ သို့မဟုတ် ပုံမှန်ထွက်ခွာသွားမည့် ပြည်တွင်းမှတ်ပုံတင်မော်တော်ယာဉ်ကိုဖြစ်စေ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာသဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်းဟူသော ဖြည့်စွက်ချက်အား လွှတ်တော်ကအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက သဘောတူပါသလား။ လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးဝင်းသန်းအဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ(၁၀) နောက်ဆုံးအပိုဒ် အမှတ်စဉ် ၃၉ ဖြစ်ပါတယ်။ အပိုဒ်ခွဲ ၄၅ အပိုဒ်ခွဲငယ်(ဍ) ဖြစ်ပါတယ်။ ဒီနေရာမှာလည်း မူလပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်ကို အနှစ်သာရပြောင်းလဲခြင်း မရှိပါဘူး။ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အရည်အသွေးစစ်ဆေးခြင်း၊ အကဲဖြတ်ခြင်း၊ သက်ဆိုင်ရာသို့ အကြံပြုခြင်းဆိုတဲ့နေရာမှာ ရှေ့ကအပိုဒ်မှာ လွှတ်တော်က အတည်ပြုပြီးဖြစ်ပါတယ်။ ခုနက စနစ်တကျနဲ့ ခန့်ထားဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းနဲ့ဌာနခွဲတွေက ဝန်ကြီးဌာနမှာ ရှိလာမှာဖြစ်တဲ့အတွက် အဲဒီကနေ စနစ်တကျနဲ့ထုတ်လုပ်ပေးဖို့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွမ်းကျင်သူ စေလွှတ်ခြင်းဆိုတဲ့အပိုဒ်ကို မူလရဲ့နေရာမှာ အသစ်ဖြည့်စွက်ပြီးတော့ တင်ပြခြင်းအား အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက သဘောတူပါသလား။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၃ အမှတ်စဉ် ၅၀ ဖြစ်ပါတယ်။ ပုဒ်မ ၅၅ ရဲ့ အပုဒ်ခွဲ (ဇ)အဖြစ် အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဒီအပိုဒ်တွေမှာတော့ ကျွန်တော်တို့ အရေးယူဆောင်ရွက်တဲ့အပိုင်း မှာရှိတဲ့ ကျပ်သုံးသောင်းထက်မပိုသော ဒဏ်ငွေရိုက်ပြီးတော့ တရားရုံးက အရေးယူနိုင်တဲ့အမှု သေးသေးလေးတွေ ဖြစ်ပါတယ်။ ဒီလိုအမှုသေးသေးလေးတွေ ပြဋ္ဌာန်းတဲ့နေရာမှာ အမှုအားဖြင့် သေး သော်လည်းပဲ လမ်းပေါ်မှာဖြစ်နေတဲ့ အန္တရာယ်ထိခိုက်မှုရာခိုင်နှုန်းအားဖြင့် ကြီးမားတဲ့ကိစ္စကျန် ခဲ့တဲ့အတွက် ဖြည့်သွင်းခြင်းဖြစ်ပါတယ်။ ဒါကတော့ မော်တော်ဆိုင်ကယ်ကို နောက်ကြည့်မှန်ဖြုတ်၍ မောင်းခြင်းဖြစ်ပါတယ်။ နောက်ကြည့်မှန်ကြည့်တဲ့ အကျင့်ကိုမရှိတဲ့အတွက် လမ်းပေါ်မှာဖြစ်နေကြတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မော်တော်ဆိုင်ကယ်နောက်ကြည့်မှန်ကို တမင်တကာဖြုတ်ထားခြင်း၊ မပါပဲနဲ့လိုင်စင်လုပ်ခြင်း၊ မောင်းနှင်ခြင်းဟာ အန္တရာယ်ကြီးကြောင်းသိစေဖို့၊ လိုက်နာနိုင်ဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ဥပဒေကြမ်းကော်မတီအနေနဲ့ အိတ်ဇောရှိ အသံထိန်းကိရိယာ မပါပဲ မောင်းနှင်ခြင်းဆိုတဲ့အပိုဒ်ကို ထပ်မံပြီးတော့ နည်းပညာအရ ဖြည့်သွင်းတဲ့နေရာမှာလည်း ကျွန်တော့်အနေနဲ့ ကန့်ကွက်ရန်မရှိတဲ့အတွက် ကျွန်တော်၏ အဆိုတင်ပြချက်အဖြစ် တစ်ပါတည်း ပူးတွဲတင်ပြတာ ဖြစ်ပါတယ်။ သို့ပါ၍ အပိုဒ်ခွဲ(ဇ) မော်တော်ဆိုင်ကယ်ကိုနောက်ကြည့်မှန် သို့မဟုတ် အိပ်ဇောရှိအသံထိန်းကိရိယာ မပါဘဲမောင်းနှင်ခြင်းဟူသော အဆိုပြုတင်ပြချက်အား လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက သဘောတူပါသလားခင်ဗျား။ လွှတ်တော်ကကန့်ကွက်ရန် ရှိပါသလားခင်ဗျား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၆ အပိုဒ် ၆၅ ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက်ကတော့ ရဲအရာရှိသည် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါပဲ ဖမ်းဆီးလျှင် မော်တော်ယာဉ်ကို လုံခြုံစွာ ယာယီ ထိန်းသိမ်းရန်လိုအပ်ပါက မိမိသင့်သည်ဟုထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည် ဖြစ်ပါတယ်။ ဒီအနှစ်သာရကို ကျွန်တော်ပြောင်းလဲ ပြီးတော့ ဖြည့်စွက်တာမဟုတ်ပါဘူး။ ကျွန်တော်တို့ ဝရမ်းမပါဘဲ ဖမ်းဆီးဖို့လိုအပ်တဲ့အခြေအနေ ရှိတာလည်းမှန်ပါတယ်။ အဲဒီအရေးယူလိုက်ရတဲ့ယာဉ်ကို သင့်လျော်သလို အရေးယူဆောင်ရွက်တယ်

ဆိုတဲ့နေရာမှာ စခန်းကိုခေါ်သွားတာ၊ လမ်းဘေးကိုချရပ်ခိုင်းတာ၊ ပါကင်တစ်ခုခုကိုထိုးတာ၊ တစ်ခုခု ကြိုးနဲ့ချည်ထားတာ စသည်အားဖြင့် အရေးယူဆောင်ရွက်ပုံဆောင်ရွက်နည်း သင့်တဲ့ဟာ အမျိုးမျိုးရှိ ပါတယ်။ သို့သော် ကျွန်တော်တို့ ဥပဒေရဲ့ကျောရိုးက ယာဉ်အန္တရယ်၊ လမ်းအန္တရယ်ကင်းရှင်းရေး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဆောင်ရွက်တဲ့ရဲအရာရှိ ကိုယ်တိုင်ကလည်း လက်တွေ့ဆောင်ရွက်ရန် စံကိုက်လုပ်ထုံး Standard Operation Procedure ကို လိုက်နာဖို့သင့်ပါတယ်။ ရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်အရလည်း နည်းဥပဒေလုပ်ထုံးလုပ်နည်းတွေမှာ ရဲအရာရှိကိုယ်တိုင်က အရေးယူပုံယူ နည်းကို လိုက်နာဆောင်ရွက်နိုင်ဖို့ ပြဋ္ဌာန်းနိုင်ဖို့အတွက် ဒီမူရင်းဥပဒေပါ တစ်ပါတည်း ထည့်သွင်း ပြဋ္ဌာန်းမှာဖြစ်မယ်လို့ အကြံပြုချက်ရရှိထားပါတယ်။ သို့ပါ၍ မိမိသင့်သည်ဟု ထင်မြင်ယူဆချက် အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည် ဆိုတဲ့နောက်မှာ ထိုသို့ဆောင်ရွက်ရာတွင် မော်တော်ယာဉ်ကို ရွှေ့ပြောင်းနေရာချထားရန် လိုအပ်ပါက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ရမည်ဟူသော ဖြည့်စွက်သည့်အပိုဒ်အား လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက သဘောတူပါသလားခင်ဗျား။ လွှတ်တော်ကကန့်ကွက်ရန် ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန် မရှိတဲ့အတွက် အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မော်တော်ယာဉ်ဥပဒေကြမ်းအတွက် ကျွန်တော်ရဲ့ပြင်ဆင်အဆိုပြုချက် နောက်ဆုံး ၁၃ ခုမြောက်ဖြစ် ပါတယ်။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၁၆ အမှတ်စဉ် ၆၇ ပုဒ်မ ၇၉ ပုဒ်မခွဲ(ဇ)ဖြစ်ပါတယ်။ ဒီမှာလည်း မူရင်းအနှစ်သာရကို မပြောင်းလဲဘဲနဲ့ ဖြည့်သွင်းတာဖြစ်ပါတယ်။ မူရင်းကတော့ မော်တော်ယာဉ်ကြောင့် မတော်တဆထိခိုက်မှုဖြစ်ပွား၍ တစ်ဦးတစ်ယောက်သူဒဏ်ရာရရှိသည့်အခါ မော်တော်ယာဉ်မောင်းနှင်သူနှင့် မော်တော်ယာဉ်ကြီးကြပ်သူတို့ ဆောင်ရွက်ရမည့်ကိစ္စဆိုတာဖြစ် ပါတယ်။ ဒါကတော့ ဝန်ကြီးဌာနက နည်းဥပဒေထုတ်ပြန်နိုင်တယ်ဆိုတဲ့ ခေါင်းစဉ်ငယ်လေး ဖြစ်ပါတယ်။ ဒီနေရာမှာ မော်တော်ယာဉ်ကြီးကြပ်သူဆိုတဲ့ဟာကို မော်တော်ယာဉ်အတွက် တာဝန်ရှိသူ လို့ ဥပဒေစာသားနဲ့အညီ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ပေးတာကိုလည်း ကျွန်တော့်အနေနဲ့ လက်ခံပြီးတစ်ပါတည်းတင်သွင်းတာ ဖြစ်ပါတယ်။ ဒါပေမဲ့ မူရင်းရဲ့ပြဋ္ဌာန်းချက်မှာ တစ်ခုခု မတော်တဆ ဖြစ်ရင် မော်တော်ယာဉ်မောင်းနှင်သူနဲ့ မော်တော်ယာဉ်အတွက်တာဝန်ရှိသူ နှစ်မျိုးအတွက်ပဲ လုပ်ထုံး

လုပ်နည်းထုတ်ပြန်ပေးရသလို ဖြစ်နေပါတယ်။ တကယ်တမ်းက ဒီအဖြစ်အပျက်မှာ ပါဝင်ပတ်သက်တဲ့ အရေးအကြီးဆုံး State holder က နောက်တစ်ယောက်ဖြစ်တဲ့ ရဲအရာရှိ ဖြစ်ပါတယ်။ နောက် နိုင်ငံတကာလုပ်ထုံးမှာကော၊ လက်ရှိ ပြည်ထဲရေးလုပ်ထုံးတွေမှာကော ရဲအရာရှိတွေကို၊ ယာဉ်ထိန်း အရာရှိတွေကို သင်တန်းပေးတဲ့အခါမှာ မှုခင်းရာဇဝတ်လုပ်ထုံးလုပ်နည်း တစ်ခုတည်းနဲ့ မပြီးမြောက် ပါဘူး။ ရှေ့နေချုပ်ရုံးက၊ တရားသူကြီးချုပ်ရုံးက သက်ဆိုင်ရာနည်းပညာ ပညာရှင်တွေက သင်တန်း တွေပို့ချနေရတာဖြစ်သလို လက်တွေ့မှာလည်း ကညနက အရာရှိတွေကလည်း သွားရောက်ပြီးတော့ ကုန်းလမ်းဆိုင်ရာနည်းပညာတွေကို ပို့ချနေရတာရှိပါတယ်။ ဒါပေမဲ့ ဒီလိုပို့ချတာဟာ ဥပဒေကြောင်း အရ ပြောရလို့ရှိရင် ဒီခုနကပြောတဲ့ SOP နဲ့ပတ်သက်လို့ တိတိကျကျဖြစ်မြောက်တဲ့အဆင့်ကို မရောက်သေးတဲ့အတွက် တစ်ခုခုဖြစ်လို့ရှိရင် ရဲအရာရှိကလည်း ဘာလုပ်ရမယ်။ မော်တော်ယာဉ် မောင်းနှင်သူကိုလည်း ဘာလုပ်ခိုင်းရမယ်။ မော်တော်ယာဉ်အတွက် တာဝန်ရှိသူကိုလည်း ဘာလုပ်ရ မယ်ဆိုတဲ့ Procedure တွေဟာ ဒီဥပဒေအသစ်ပြဋ္ဌာန်းပြီးရင် ပေါ်ပေါက်လာဖို့သင့်ပါတယ်။ သို့ပါ၍ ကျွန်တော်၏ အဆိုပြုပြဋ္ဌာန်းချက်ဖြစ်တဲ့ အပိုဒ်ခွဲ(ဇ) မော်တော်ယာဉ်ကြောင့် မတော်တဆထိခိုက်မှု ဖြစ်ပွားသည့်အခါ ရဲအရာရှိ/မော်တော်ယာဉ် မောင်းနှင်သူနှင့် မော်တော်ယာဉ်အတွက် တာဝန်ရှိသူ ဆောင်ရွက်ရမည့်ကိစ္စဟူသော အဆိုပြုပြဋ္ဌာန်းချက်အား အတည်ပြုပေးပါရန် လေးစားစွာတင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဝန်ကြီးဌာနက သဘောတူပါသလား။

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့ အတွက် ဦးဝင်းသန်းရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော မော်တော်ယာဉ်ဥပဒေကြမ်းကို ပြင်ဆင်သည့်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ် ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များ ကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူ မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော မော်တော်ယာဉ်

ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသော မော်တော်ယာဉ်ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၇၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၇၅)ရက် မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး (၇၄)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၅)ရက် မြောက်နေ့ကို မနက်ဖြန် ၁၄-၇-၂၀၁၅ (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၇၄)ရက်မြောက် နေ့ကို (၁၁း၁၀) နာရီအချိန်၌ ရပ်နားပါသည်။]

**မူကြမ်း**